**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာ ထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသောပြုမှုအစဉ်တို့ကိုစင်ကြယ် စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၀)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက Judicial College အဆောက်အဦသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ စာမျက်နှာ ၁၆ ကော်လံ ၁ ➲

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD Channel၊ MRTV–News Channel၊ MRTV–NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament စာမျက်နှာ ၁၅ ကော်လံ ၁ ➲

**ဆောင်းပါး**

ရှေ့သို့ချီမည်ပန်းတိုင်ဆီ စုပေါင်းအားဖြင့် ဆောင်ရွက်မည် စာ - ၁၂ သို့

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၁၀၁၂၆ ကေအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ စာ - ၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်)

# ဒီမိုကရေစီပန်းတိုင်ဆီအရောက်လှမ်းမည်

ဤကမ္ဘာလောကကြီးတွင် တိုင်းပြည်နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန်မှာ မိမိကိုယ်ကိုခုခံကာကွယ်နိုင်စွမ်းရှိပြီး မိမိတို့၏လုပ်ကိုင်နိုင်စွမ်းများကိုလည်း စဉ်ဆက်မပြတ်မြှင့်တင်နေကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်သည့်အတွက် မိမိနိုင်ငံကိုကာကွယ်နိုင်သည့်အင်အားရှိနေရမည်ဖြစ်ပြီး ပြည်သူတစ်ဦးချင်းစီကလည်း နိုင်ငံသားကောင်းတစ်ဦး၏ အသိစိတ်ဓာတ်များပြည့်ဝနေကြရမည်ဖြစ်သည်။ လွတ်လပ်သည့်နိုင်ငံအဖြစ်တည်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် နိုင်ငံသူ နိုင်ငံသားအားလုံးက သွေးစည်းညီညွတ်နေကြရမည်ဖြစ်သည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပေရာ နိုင်ငံတော်အပေါ်ဘေးအန္တရာယ်ကျရောက်လာပါက နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်အတူ နိုင်ငံသားအားလုံးက ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနှင့် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာကာကွယ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏မွေးရာပါတာဝန်ဖြစ်သည်။ အရွယ်ရောက်သူမှန်သမျှသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာများတတ်ကျွမ်းထားရမည့်အပြင် ပြည်သူ့စစ်မှုထမ်းများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံအဖြစ်ရှိနေခဲ့စဉ်အတွင်း ကိုလိုနီခေတ်အုပ်ချုပ်သူများသည် မြန်မာတိုင်းရင်းသားအချင်းချင်း အခွင့်အရေးမျှတစွာပေးခြင်းမရှိခဲ့ပေ။ လူမျိုးတစ်မျိုးကို အခွင့်အရေးပေးပြီး အခြားလူမျိုးများကို အခွင့်အရေးမပေးဘဲနေခြင်း၊ နိုင်ငံအတွင်း တစ်နေရာနှင့်တစ်နေရာလွတ်လပ်စွာသွားလာခွင့်မပြုဘဲ သွေးခွဲအုပ်ချုပ်ခဲ့ခြင်းများပြုလုပ်ခဲ့သည်။ ထိုသို့သွေးခွဲအုပ်ချုပ်ခံခဲ့ရသည့်အမွေဆိုးကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိခြင်းနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်လာခဲ့သည်မှာ ယနေ့တိုင်အမြစ်မပြတ်ဘဲရှိနေသည်။

လက်နက်ကိုင်ပဋိပက္ခသည် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးမပြုသည့်အနုတ်လက္ခဏာများသာဖြစ်သည်။ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေဖြင့် ခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကိုလိုလိုလားလားရှိသည်ဟုမည်သို့ပင်ပြောနေသော်လည်း လက်တွေ့တွင် ကိုယ်ကျိုးအတ္တကို အခြေခံသည့်လိုအင်ဆန္ဒသက်သက်နှင့် လက်နက်ကိုင်ပဋိပက္ခကို ဖန်တီးနေခြင်းဖြစ်သည်။ ထို့အတူ အချို့သောတိုင်းရင်းသားခေါင်းဆောင်များမှာ ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးဟုပြောဆိုနေကြသော်လည်း ဒီမိုကရေစီ၏သဘောသဘာဝကိုမျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲစေရန်ဦးတည်လုပ်ဆောင်လျက်ရှိသည်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးမျှော်ကိုးလုပ်ဆောင်ရမည်ဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံနှင့်ပြည်သူတို့အတွက် ကောင်းကျိုးဖြစ်ထွန်းစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်ကူးအခါသမယ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားရာတွင် **“ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့အနှစ်မရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူများက ၂၀၂၄ ခုနှစ်မှာ ပြသနိုင်ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ရွေးကောက်ပွဲကြီးအောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီအရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်”**ဟုထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းကြောင်းကိုမျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ရှေ့လုပ်ငန်းစဉ်များအတိုင်း တစိုက်မတ်မတ်ဆောင်ရွက်နေသည့်အတွက် သိသာထင်ရှားသည့် ရည်မှန်းချက်ပန်းတိုင်များကိုတွေ့မြင်နေကြရပြီဖြစ်သည်။ ဤသည်မှာလည်း ပြည်သူလူထု၏တက်တက်ကြွကြွနှင့် ဝိုင်းဝန်းကူညီပေးခဲ့သည့်အတွက်ဖြစ်သည်။ မြန်မာနိုင်ငံ မြန်မာအစိုးရနှင့် ပြည်သူတို့လျှောက်လှမ်းနေသည့် လမ်းကြောင်းမှာ ဖြောင့်တန်းကာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပန်းတိုင်သို့ရောက်ရှိအောင် လျှောက်လှမ်းနေခြင်းဖြစ်ရာ မည်သည့်အခက်အခဲများရှိနေပါစေ စုစည်းညီညွတ်သည့် ပူးပေါင်းစွမ်းအားဖြင့်ကျော်ဖြတ်ကြမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စည်းကမ်းမဲ့ YBS ယာဉ်မောင်းများအား အရေးယူဆောင်ရွက်မှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းလာ



ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)အနေဖြင့် စည်းကမ်းမဲ့ YBS ယာဉ်မောင်းများအား အရေးယူမှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများလျော့နည်းလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် YBS ယာဉ်များနှင့်ပတ်သက်သော ယာဉ်တိုက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများ လျော့နည်းလာစေရန် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် နေ့စဉ်လှည့်လည်စစ်ဆေးပြီး စည်းကမ်းမဲ့ YBS ယာဉ်မောင်းများအား အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း YBS ယာဉ်မတော်တဆမှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများသည် ၂၀၂၃ ခုနှစ်ကထက် လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

"YBS ယာဉ်တွေ ဘေးတံခါးဖွင့်မောင်းတာတို့၊ တစ်စီးနဲ့တစ်စီးယှဉ်ပြိုင်ကျော်တက်မောင်းတာတို့ကို စစ်ဆေးအရေးယူဆောင်ရွက်တာတွေကြောင့် ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းခဲ့ပါတယ်။ အရင်က YBS ယာဉ်တွေ ဘေးတံခါးဖွင့်မောင်းတာကို အရေးမယူခဲ့ပါဘူး။ ၂၀၂၄ ခုနှစ်ကစပြီး အရေးယူခဲ့တာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

၂၀၂၃ ခုနှစ်က YBS ယာဉ်များ ဘေးတံခါးဖွင့်မောင်းနှင်မှုကြောင့် ယာဉ်ပေါ်မှပြုတ်ကျပြီး သေဆုံးသူခြောက်ဦးနှင့် ဒဏ်ရာရရှိသူရှစ်ဦးရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် YRTC မှ ဘေးတံခါးဖွင့်မောင်းနှင်သော YBS ယာဉ်များကိုအရေးယူခဲ့သည့်အတွက် ယာဉ်ပေါ်မှပြုတ်ကျ၍ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦးသာရှိခဲ့ကြောင်း သိရသည်။ ထို့အတူ ယှဉ်ပြိုင်ကျော်တက်မောင်းနှင်သော YBS ယာဉ်များကို အရေးယူမှုများကြောင့် ၂၀၂၃ ခုနှစ်က လမ်းဖြတ်ကူးသူအား တိုက်မိသဖြင့် သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉ ဦး ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရရှိသူကိုးဦးအထိ လျော့ကျခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

# နေပြည်တော် — နေပြည်တော်

# ဓနုဖြူမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်သဖြင့် ဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ အထိုက်အလျောက် ကျဆင်းလာစေမည်ဖြစ်

ဓနုဖြူ ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှထွက်ရှိသည့် မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေသဖြင့် ဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ အထိုက်အလျောက် ကျဆင်းလာစေမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ်မှ ဟင်းသီးဟင်းရွက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ဝင်း၏ ပြောပြချက်အရ သိရသည်။

လက်ရှိတွင် ဓနုဖြူမြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးထားသည့် မုန်လာဥဖြူများထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာ ၅၀၀ မှ ၁၂၀၀ အထိအရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိမှာ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလနောက်ဆုံးပတ်လောက်ကတည်းက ဒေသထွက်မုန်လာဥဖြူတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေတာပါ'' ဟု ဒေါ်ခင်ဝင်းကပြောသည်။

ဓနုဖြူမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းရောင်းချသူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိသည်။ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိလာကာ ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ အထိုက်အလျောက် ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧက အထိစိုက်ပျိုးပြီးစီးပြီဖြစ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ

ပွင့်ဖြူ ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၇၉၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၃၀၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဆီထွက်သီးနှံ နေကြာ ၁၂၈၀၅ ဧက၊ မြေပဲ ဧက ၂၉၃၀ ၊ နှမ်း ၁၂၁၄၂ ဧက၊ ပန်းနှမ်း ၁၁၅ ဧကစုစုပေါင်း ဆီထွက်သီးနှံစုံ ၂၇၉၈၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ နေကြာ ၁၁၄၂၉ ဧက၊ မြေပဲ ၃၀၈၆ ဧက၊ နှမ်း ၁၅၂၉၂ ဧက ၊ ပန်းနှမ်း ၃၁၉ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးကောင်းသောသီးနှံများ ထွက်ရှိရေး မျိုးကောင်းမျိုးသန့်များရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာ မျှဝေပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့်အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မျှော်တွေးကာ ဒေသတွင်းစားသုံးဆီဖူလုံရုံမျှမက နိုင်ငံအတွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုခေတ်၌ သံဆင့်များမသုံးကြသေးဘဲ ယွန်းထည်အုပ်ကြီးများဖြင့် ဘုရားသွားကျောင်းတက်ခေါင်းရွက်သွားကြလေရာ ကျွန်ုပ်အဖို့ အုပ်အငယ်စားကလေးဝယ်ပေးခြင်းအတွက် ဝမ်းသာလှ၍ အိပ်ရာထဲမှပင် တစ်ခါတစ်ခါထ၍ ကြည့်မိပါသေးသည်။ မိဘများကလည်း ကျွန်ုပ်နှစ်သက်ခြင်းကိုမြင်ကြ၍ သဘောကျရှာသည်။ (ကျွန်ုပ်အဖို့ ဝယ်ပေးသောပစ္စည်းများအနက် ထိုယွန်းထည်အုပ်ကလေးထက် ကျွန်ုပ်အား ပျော်မြူးစေသော အခြားပစ္စည်းကို မမှတ်မိပါ။)

ပထမ၌ မိခင်၏မိတ်ဆွေ ဆရာမကြီးသည် (လက်ထောက်ဆရာမကလေးနှစ်ယောက်လည်းရှိသည်။) မိခင်အား ကတိထားခဲ့သည့်အတိုင်းပင် ကျွန်ုပ်အားအထူးတလည်ဂရုစိုက်ပါပေသည်။ ကျွန်ုပ်၏ ယွန်းထည်အုပ်ကလေးကို ဖွင့်ကြည့်၍ ဟင်းများညံ့လျှင် ဟင်းကောင်းကလေး တစ်တုံးတလေထည့်ပေးသဖြင့် (အစားကောင်း ခင်မင်တတ်သော ကျွန်ုပ်အဖို့) ဝမ်းသာလုံးဆို့မတတ်ပျော်လှ၍ ကျေးဇူးလည်း တင်မိသည်။ အိမ်သို့အလည်လာစဉ်ကပါလာသော ကျောင်းသူကလေးနှင့်လည်း ပြန်ဆက်မိသဖြင့် ကြည်နူးလှသည်။ သို့ရာတွင် ကျွန်ုပ်မှာ တစ်ကျောင်းလုံးတွင် အငယ်ဆုံးလည်းဖြစ်၍ အဝေးဆုံးသောအရပ်မှ လာရသော ကျောင်းသားကလေးလည်းဖြစ်သည်။ ရွယ်တူတစ်ယောက်နှစ်ယောက် ရှိသော်လည်း ကျောင်းပတ်ဝန်းကျင်၌ နေကြသူများဖြစ်သောကြောင့် နေ့ခင်းခေတ္တကျောင်းဆင်းချိန်တွင် သူတို့၏အိမ်သို့ပြန်၍ စားသောက်ကြရာ ကျွန်ုပ်တစ်ယောက်တည်းသာ အုပ်ကလေးဖွင့်၍ စားရသူဖြစ်သောကြောင့် တစ်နည်းအားဖြင့် စိတ်ဝင်စားဖွယ် ကျောင်းသားကလေးတစ်ယောက်ဟူ၍ သဘောထားလောက်ကြသည် ထင်ပါသည်။

ယင်းစာသင်ကျောင်းနှင့်ပတ်သက်၍ ကျွန်ုပ် မကျေနပ်သောအကြောင်းအရာများကိုမဖော်ပြမီ ကျေနပ်သောအချက်များကို ဖော်ပြပါဦးမည်။ သီလရှင်ကျောင်း၌နေခဲ့ရစဉ်က ကျွန်ုပ်အား ဟိုကောင်၏ နှိပ်စက်ခြင်းမှ လွတ်စေရန်ဟူသောရည်ရွယ်ချက်ဖြင့် မိဘများကအပ်ထားခြင်းဖြစ်ရာ စာသင်ရန် ငယ်လွန်းသည့်အတွက်ကြောင့် ကျောင်းတွင် 'ခွေးဝင်စား' အဖြစ်နှင့် ကျွန်ုပ်၏အဒေါ်အနီးတွင် ထိုင်နေရခြင်းမျှသာ များ၏။ အခြားကျောင်းသားများ စာရေးကြသောအချိန်တွင် ကျွန်ုပ်မှာ သစ်သားတွင် အိုးမဲသုတ်ထားသည့် သင်ပုန်းပေါ်၌ ကံ့ကူဆံဖြင့် 'ဝ'လုံးများ ရေးရခြင်းကိုသာ မှတ်မိသည်။ ဝလုံးမှတစ်ဆင့်တက်ရသောအခါ 'နငယ်များ' ရေးရ၏။ 'နငယ်များ' ရေးသောအခါတွင် ခေါင်းကြီးကြီးမဖြစ်စေရဟု သီလရှင်ကြီးက ပြောခြင်းကိုလည်း ကျွန်ုပ် မှတ်မိသည်။ စာအံရသောအခါ 'နမော ဗုဒ္ဓါ' မှ မတက်ခဲ့ရသေးပေ။ 'ကကြီး'၊ 'ခကွေး' စသော အက္ခရာများကို မသင်ရသေးမီ 'နမော ဗုဒ္ဓါ'ကို ရှေးဦးစွာသင်ပေးခြင်း၏ရည်ရွယ်ချက်ကို ကျွန်ုပ် ယခုတိုင်နားမလည်သေးပေ။

## စိတ်ဝင်စားသောအချက်

သီလရှင်ကျောင်းမှ စာသင်ကျောင်းသို့ရောက်လာသောအခါ၌မူ 'ကကြီး'၊ 'ခကွေး' အက္ခရာများကို သင်ရ၍ 'ကကြီးရေ က'သို့ ရောက်သောအခါ ကျွန်ုပ်စိတ်၌ ဖြစ်ပေါ်လာသောအခြင်းအရာတစ်ခုကို မှတ်မိသေးသည်။ ကျွန်ုပ်ကဲ့သို့ 'ကကြီးရေ က'၊ 'ခကွေးရေ ခ' စသည်ဖြင့် 'အံ' ကြရသော ကလေးများက တစ်တန်း၊ မျက်နှာချင်းဆိုင်အတန်း၌ 'ကကြီးရေးကသတ် ကက်'၊ 'ခကွေးရေးကသတ် ခက်' စသည်ဖြင့် 'အံ' ကြရသူများရှိကြ၏။ ကျောင်းသူ၊ ကျောင်းသားအားလုံးသည် ထိုခေတ်စာသင်ကျောင်းများ၏ ထုံးစံအတိုင်းအော်၍ စာအံကြရာ အချို့ကလည်း အသံကုန်ဟစ်၍ အံကြ၏။ (ဤသည်မှာ အကျင့်ပါ၍ သင်္ကန်းဝတ်ပြီး စာအံသောအခါ၌ 'ဟာနံ့နံ့၊ ဟာနံ့နံ့' ဟူ၍ အံကြခြင်းဖြစ်ဟန်ရှိသည်။)

စာအံချိန်တွင် ဆရာမကြီးသည် အနီး၌မရှိဘဲ ခပ်လှမ်းလှမ်း၌ အမှုကိစ္စများ ဆောင်ရွက်လျက်ရှိရာ စာအံသံ အနည်းငယ်လျော့သွားသောအခါတွင် ကြမ်းပြင်ကို ကြိမ်လုံးဖြင့် ဖြန်းခနဲ ဖြန်းခနဲ တစ်ချက်နှစ်ချက်ရိုက်လိုက်သည်တွင်မှ 'ကကြီးရေ က'၊ 'ခကွေးရေ ခ'၊ 'ကကြီးယပင့် ကျ'၊ 'ခကွေးယပင့် ချ'၊ 'ကကြီးရေးကသတ် ကက်'၊ 'ကကြီးရေး ငသတ် ကင်'၊ စသည်ဖြင့် သူ့စာနှင့်သူ တစ်မျိုးစီ သံကုန်ဟစ်အော်ကြလေရာ တိတ်ဆိတ်ခြင်းကိုနှစ်သက်သူဖြစ်ခဲ့လျှင် မြန်မာစာသင်ကျောင်းအနီး၌နေခဲ့ရပါက နှလုံးသည်းခြေပျက်သွားဖွယ်ရာရှိပေသည်။ ထိုကဲ့သို့ ကုန်းအော်ကြပြီးနောက် တဖြည်းဖြည်းအသံလျော့သွား၍ အချို့က စကားတီးတိုးပြောခြင်း၊ အချို့က လွယ်အိတ်ထဲ၌ပါလာသည့် ပဲလှော်၊ ထန်းလျက်၊ ကြံသကာ စသော သရေစာများထုတ်၍ စားခြင်း၊ မြို့ခြင်း၊ တောင်းစားခြင်း၊ လဲလှယ်စားခြင်း စသည်ဖြင့် ပြုလုပ်ကြလေ၏။ ဆရာမကြီးသည် အလုပ်လုပ်ရာမှ လှမ်းကြည့်၍ အပြစ်ကျူးလွန်သူများကို မှတ်သားလာခဲ့သည့်လက္ခဏာနှင့် ဟိုတစ်ယောက်၊ သည်တစ်ယောက် ကြိမ်လုံးဖြင့် ကော့နေအောင် ရိုက်လေတော့သည်။ သူ၏အမှတ်အသားသည် အများအားဖြင့် မှန်ကန်သော်လည်း တစ်ခါတစ်ရံတွင်မူ အပြစ်ကျူးလွန်သူနှင့်ကပ်လျက်ထိုင်မိသော ကျောင်းသူ၊ ကျောင်းသားများလည်း အပြစ်မဲ့အရိုက်ခံရခြင်းများကို မြင်ရဖူးသည်။ သို့ရာတွင် ထိုခေတ်က ကျောင်းသူ၊ ကျောင်းသားများမှာမူကား 'အမယ်လေးဗျ'၊ 'အလိုလေးရှင့်'ဟု ညည်းကာ ခါးကိုကော့၍ ကျောကို ပွတ်သပ်ကြခြင်းမှတစ်ပါး ဆန္ဒပြခြင်းမရှိကြပေ။



## မမေ့နိုင်သော အခြင်းအရာ

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်အတန်းတွင် ကျွန်ုပ်၏ ရှေ့တည့်တည့်၌ ထိုင်၍ 'ကကြီးရေးကသတ် ကက်'၊ 'ကကြီးရေးငသတ် ကင်'၊ 'ကကြီးရေးစသတ် ကစ်' စသည်ဖြင့် ညီညာစွာ သံပြိုင်စာအံကြသော မိန်းကလေးသုံးယောက်အနက် တစ်ယောက်ကို ကျွန်ုပ် အထူးမှတ်မိ၏။ ၎င်းမိန်းကလေးမှာ ထိုစဉ်က အပျိုကြီးလောက် ထင်မိသည်။ အသားညိုညို၊ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ မျက်တောင်ကော့ကော့၊ ဆံရစ်ဆံတောက်ကလေးနှင့် အလွန်ကြည့်ကောင်းသူဖြစ်လေရာ အဝတ်အစားမှာလည်း တစ်ကျောင်းလုံးတွင် အကောင်းဆုံးဝတ်နိုင်သူဖြစ်၏။ ၎င်း၏ဖခင်သည် ကန်ထရိုက်ဖြစ်သည်ဟု ပြောကြလေရာ ကန်ထရိုက်ဟူသည်မှာ ဘာဆိုသည်ဟု ကျွန်ုပ်မသိ။ ရောမ အရာရှိကြီးတစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်မိ၏။ သုံးလေးယောက် သံပြိုင်စာအံကြသည့်အထဲတွင် သူမ၏အသံသည် အသာယာဆုံး 'အသံပေါက်ဆုံး'ဖြစ်၍ 'ကကြီးရေးကသတ် ကက်' စသည်ဖြင့် တညီတညာတည်း စာအံကြသော်လည်း သူမ၏ အသံတစ်ခုတည်းသာ ကျွန်ုပ်၏နားထဲသို့ ဝင်လာသည်ထင်၏။

**ဆက်လက်ဖော်ပြပါမည်။**

# မြိတ်တက္ကသိုလ်တွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြိတ် ဇန်နဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မြိတ်တက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်ဘော်လီဘော အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်ကျင်းပလျက်ရှိသည့် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ၁ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးဗိုလ်လုပွဲတွင် ဓာတုဗေဒအသင်းနှင့် သင်္ချာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒအသင်းက အနိုင်ရရှိပြီး အမျိုးသားဗိုလ်လုပွဲတွင် ဒဿနိကအသင်းနှင့် ဓာတုဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒအသင်းက အနိုင်ရရှိခဲ့သည်။

အဆိုပါဗိုလ်လုပွဲများယှဉ်ပြိုင်နေမှုကို မြိတ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် တာဝန်ယူဆောင်ရွက်ပေးကြသည့် ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်များ၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားများအား ဆုတံဆိပ်များနှင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပထမဆုရရှိသော အမျိုးသမီးအသင်းအား ဒုတိယပါမောက္ခချုပ် ဒေါက်တာ မိုးမိုးလွင်ကလည်းကောင်း၊ ပထမဆုရရှိသော အမျိုးသားအသင်းအား ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်ကလည်းကောင်း တံခွန်စိုက်ဆုဖလားများပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ ဘော်လီဘောပြိုင်ပွဲကို မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ အမျိုးသားပြိုင်ပွဲဝင်အသင်းကိုးသင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။



**ခိုင်ထူး(ပြန်/ဆက်)**

# အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်

**ရရှိပြီးသောလွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာ ကာကွယ်ကြရမည်ဖြစ်ပါသည်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၅.၁.၂၀၂၃



## မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ၊ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement)များ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာ့လယ်ယာထွက်ကုန်စည်များကို ပြည်ပသို့တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဧရိယာအကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉)တို့တွင် ကောက်ပဲသီးနှံနှင့် စားသုံးဆီတင်၊ ချဆိပ်ကမ်းတံတားသစ်များတည်ဆောက်ရေးနှင့် ဆူးလေဆိပ်ကမ်းတံတားနှင့် သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃ နှင့် ၄)တို့တွင် အမိုးအကာပါ ကွန်ဗေယာစနစ်(Sheltered Conveying System)တပ်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းရင်းနှီးမြှုပ်နှံတိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement)များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Novotel Yangon Max ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့်ဆက်စပ်ကုမ္ပဏီများ၊ Myanmar China Harbour Engineering (MCHEC)ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုတန်ချိန် ၁ ဒသမ ၇ သန်းသာရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာကာလအတွင်း တန်ချိန် ၂ ဒသမ ၁ သန်းအထိ တင်ပို့ထားခဲ့ပြီးဖြစ်ကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့်သာရှိခဲ့သော်လည်း ယခုဘဏ္ဍာရေးနှစ် ၉ လအတွင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့်အထိ တိုးတက်ကိုင်တွယ်လာရသည့်အတွက် အထွေထွေကုန်စည်ကိုင်တွယ်မှုအပိုင်းတွင် ဆိပ်ကမ်းတံတားများလိုအပ်လာသည့်အပြင် အလုပ်တွင်စေမည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများကို မဖြစ်မနေ တပ်ဆင်အသုံးပြုပြီး စွမ်းဆောင်နိုင်မှု (Productivity) ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပို့ကုန် ၂ ဆတိုးမြှင့်နိုင်ရေး အထောက်အကူပြုလုပ်ငန်းစဉ်အဖြစ် ယခုလို ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို တိုးချဲ့တည်ဆောက်ထားနိုင်ခြင်းဖြင့် တိုးတက်လာမည့် ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာကိုင်တွယ်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှု (Readiness)ကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ယခုစီမံကိန်းလုပ်ငန်းလေးခုစလုံးကို နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန် လိုကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက (G2B)၊ ပုဂ္ဂလိက-ပုဂ္ဂလိက (B2B)ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

သီလဝါအကွက်အမှတ်(၂၇)၌ စားသုံးဆီဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်(MEICO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်းအကွက်အမှတ်(၂၈)၌ ကောက်ပဲသီးနှံဆိပ်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်းအကွက်အမှတ်(၂၉)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MAGDPL)နှင့် MCHEC၊ ဆူးလေသိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃၊ ၄)တို့နှင့် ဆိပ်ကမ်းတံတားများတွင် အမိုးအကာပါကွန်ဗေယာစနစ် (Sheltered Conveying System)တပ်ဆင်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် MCHEC တို့အကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းများ၏ ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ- ဂျပန် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကြား လူမှုစီးပွားဆက်ဆံမှုပိုမိုမြင့်မားခိုင်မာတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရင်းခံ၍ နှစ်နိုင်ငံပြည်သူများကြား ကူးလူးဆက်ဆံမှုကို ကဏ္ဍအားလုံး ဆက်လက်တိုးမြှင့်ဆက်ဆံသွားနိုင်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဂျပန်အစိုးရအပါအဝင်အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် ဘက်စုံအထောက်အကူပေးမှုစီမံကိန်းများနှင့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ပေးရန်အတွက်လည်းကောင်း စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း(Myanmar – Japan Friendship Association)သည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လျှောက်ထားခဲ့ရာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ပြည်တွင်းအသင်းအဖွဲ့(ယာယီ)မှတ်ပုံတင်လက်မှတ်အမှတ် "ပြည်တွင်း / ၀၂၂၆ (၂၀၂၂)"ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းသည် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း ရွှေဇမ္ဗူရေးဗားဗျူးကွန်ဒိုအမှတ် ၂၃ (ဂျီ-၁)ပထမထပ်၌ဖွင့်လှစ်ထားရှိ၍ မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

### သဇင်(FM)အသံလွှင့်အစီအစဉ် ၃-၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၁˚c |
| ရန်ကုန် | ၂၀˚c | / | ၃၂˚c |
| မန္တလေး | ၁၇˚c | / | ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ သွားရောက်ပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းပါပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုခန်းမပြုပြင်ခြင်းလုပ်ငန်းများ၊ အုပ်ချုပ်မှုရုံးအဆောက်အအုံများ၊ ကပွဲခန်းမပြုပြင်ခြင်းလုပ်ငန်း၊ ရေ၊ မီးရရှိရေးစသည့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအရည်အသွေးပြည့်မီစေရန်၊ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးမှာကြားသည်။

ယင်းနောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့်ရှမ်း တိုင်းရင်းသားများ၏ ရိုးရာနေအိမ်တည်ဆောက်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားယဉ်ကျေးမှုရိုးရာအိမ်များကို တိုင်းရင်းသားတို့၏မူလရိုးရာအစဉ်အလာများ မပျောက်ပျက်အောင်ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန်၊ အဆောက်



အအုံများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်၊ အကြီးစားပြုပြင်ထိန်းသိမ်းရန်လိုအပ်နေသည့်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်တို့ကိုမှာကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အချို့သော သမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုး ပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုကောင်းမွန်အောင်စောင့်ကြပ်ကြည့်ရှုပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျယဉ်ကျေးသိမ်မွေ့စွာရှင်းလင်းတင်ပြတတ်ရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဖွင့်





နေပြည်တော် ဇန်နဝါရီ ၂

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးကျော်မျိုးထွဋ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများသည် ပညာရှင်များအဖြစ် အသိအမှတ်ပြုခံထားကြရသူများဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများ အတုယူရသည့် စံပြပုဂ္ဂိုလ်များဖြစ်အောင်လည်း ကြိုးစားအားထုတ်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် အားထားရသည့် ပညာတတ်မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါသင်တန်းကို တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ သင်ကြားရေးဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်းပိုမိုကောင်းမွန်လာစေရန်၊ အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သောဗဟုသုတနှင့် အတွေ့အကြုံများတိုးပွားလာစေရန်၊ အစုအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်စေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားပိုမိုကောင်းမွန်လာစေရန်နှင့်အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန်ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၃၁ ရက်အထိ ရက်သတ္တငါးပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၃၀၈ ဦး စုစုပေါင်း ၃၆၉ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၁၂)**

**သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း**

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အီလက်ထရောနစ်သက်သေခံ ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းနိုင်သည်။

၄၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဆိုက်ဘာမှုခင်းကို စုံစမ်းဖော်ထုတ်ရာတွင် စုံစမ်းစစ်ဆေးသော ကိစ္စရပ်နှင့် သက်ဆိုင်သည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်သည်။

၄၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်နိုင်ရန် အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ် ဓာတ်ခွဲခန်းတို့ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်နိုင်သည်။

၄၈။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းရေးနှင့် နည်းပညာအကူအညီရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၄၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ် သက်သေခံပစ္စည်းများကို အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့၍ အချက်အလက်ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဆောင်ရွက်ပြီး ရရှိလာသည့် စစ်ဆေးတွေ့ရှိချက် ရလဒ်အစီရင်ခံစာနှင့် ထင်မြင်ချက်အား ဦးစီးကော်မတီ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ သတ်မှတ်ချက်နှင့်အညီ ကျွမ်းကျင်သူ၏ သက်သေခံချက်အဖြစ် သက်သေခံတင်သွင်းနိုင်သည်။

၅၀။ (က) အီလက်ထရောနစ် စာတမ်းအမှတ်အသားအဖြစ် သက်သေခံတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပွားပါက အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။

(ခ) အမျိုးသားဒီဂျစ်တယ် ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်သည် နောက်ဆုံး အတည်ဖြစ်သည်။

**အခန်း (၁၃)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၁။ ဦးစီးဌာနသည် ပုဒ်မ ၂၆ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်းကြေညာခြင်း။

၅၃။ ဦးစီးကော်မတီသည် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို ဖျက်သိမ်းပြီး ယင်းအဖွဲ့၏ ရန်ပုံငွေအပါအဝင် အဖွဲ့ကပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း (၁၄)**

**အယူခံခြင်း**

၅၄။ ဦးစီးဌာနက ပုဒ်မ ၂၁ အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၃ အရ လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၂၅ အရ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၇ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ပုဒ်မ ၅၁ သို့မဟုတ် ၅၂ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၅၈။ ဗဟိုကော်မတီသည် ပုဒ်မ ၅၇ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၉။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့်အတည်ဖြစ်သည်။

**အခန်း (၁၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၆၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အရေးကြီး သတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ အီလက်ထရောနစ် သတင်းအချက်အလက်အား ခွင့်ပြုချက်မရှိဘဲ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်စေခြင်း၊ ဥပဒေနှင့်မညီဘဲပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ခြင်း၊ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၃။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းတစ်ထောင်အောက် မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၅။ မည်သူမဆိုဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းငါးရာအောက် မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (င) သို့မဟုတ် (စ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ဆိုက်ဘာအရင်းအမြစ်ကို ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း သို့မဟုတ် မောလ်ဝဲ (Malware) ထည့်သွင်းခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသူကို ယင်းစနစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ယင်း၏ အသုံးဝင်မှုကို ယုတ်လျော့စေခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ထိခိုက်စေခြင်း၊

(ဃ) ကွန်ပျူတာရင်းမြစ်ကုဒ် (Source Code) များကို ပျက်စီးစေရန်ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင် ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်း၊

(စ) အခြားသူကို ထိခိုက်နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ထားသော အချက်အလက်ကို ဖြန့်ဝေခြင်း၊

(ဆ) ကွန်ရက်အား အသုံးပြု၍ မလိုလားအပ်သော သို့မဟုတ် တောင်းဆိုထားခြင်းမရှိသော စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်း သို့မဟုတ် အချက်အလက် ပေးပို့ခြင်း။

**စာမျက်နှာ ၈ သို့**

○ စာမျက်နှာ ၇ မှအဆက်

၆၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ အခြားသူ၏ အွန်လိုင်းငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၀။ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၁။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ်တည်ဆောက်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၂။ မည်သူမဆို အများပြည်သူ ကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ် နည်းပညာဖြင့် ဖြန့်ချိခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၆)

## အထွေထွေ

၇၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စာရွက်စာတမ်း အထောက်အထားများဖြင့် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၇၆။ ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ခွင့်ပြုချက်ရယူရမည်။

၇၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အရကောက်ခံရမည်။

၇၈။ (က) ဤဥပဒေပါ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါက ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသားဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၉။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူရမည်။

၈၀။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့် ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်းမပြုရ။

၈၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၃။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၈၄။ ပုဒ်မ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခံရခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းသည် ယင်းကိစ္စရပ်ကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါက အရေးယူခံရသူ သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ယင်းတာဝန်ရှိမှုမှ ကင်းလွတ်သည်ဟု မှတ်ယူခြင်းမပြုရ။

၈၆။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီသည် -

(က) အများပြည်သူ အကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းတို့မှ လည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန် မလိုဘဲ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက် သို့မဟုတ် လိုင်စင်တို့ကို ရယူခြင်းမှ လည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုသည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရန်လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပိုက်သင်စံပြကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**မင်းဘူး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီးမင်းဘူး(စကု) မြို့နယ်၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိုက်သင်စံပြကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁ ရက် နံနက်ပိုင်းတွင်အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကွန်ကရစ်လမ်းသစ်ကို မင်းဘူးခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပိုက်သင်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့်လမ်းအရှည် ၅၈၂ ပေ၊ အကျယ် ၁၅ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို (နိုင်ငံတော်ပံ့ပိုးရန်ပုံငွေ)စီမံကိန်းခွင့်ပြုငွေကျပ် ၁၅ သန်းနှင့် ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၆ ဒသမ ၈၅ သန်းဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းအခမ်းအနားကို ဇန်နဝါရီလ ၂ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်အေးမာသင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးက ဆောင်ရွက်ပြီး ကျည်တောင်ကန်အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူအောင် Grade-10 ကလူငယ်နှင့် အင်တာနက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စွမ်းပြည့်မောင် Grade-10 က လူငယ်နှင့် တာဝန်ယူစိတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မခင်ပြည့်စုံ Grade-11 က ကျောင်းသားလူငယ်နှင့်စာပေလေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဆုမြတ်နိုး Grade-11 က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ လူငယ်စကားဝိုင်းဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြောင်းသိရသည်။

(၄၁၃)

# သောက်သုံးရေရရှိရေးကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပေးခြင်းဆောင်ရွက်

**ဘုတ်ပြင်း ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်လိပ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈ ဒသမ ၆ သန်းဖြင့် ရေပိုက်လိုင်း အရှည်ပေ ၆၀၀၀ သွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ အဆိုပါလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် ကျေးရွာသောက်သုံးရေရရှိရေး ကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပေးခြင်းအခမ်းအနားကို ဇန်နဝါရီလ ၁ ရက်တွင် အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးသက်သက်ခိုင်က ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် သောက်သုံးရေရရှိရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ သောက်သုံးရေရရှိရေးကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက သောက်သုံးရေရရှိရေး ကော်မတီဝင်များအား သောက်သုံးရေအလေအလွင့်မရှိ စနစ်တကျသုံးစွဲတတ်စေရေးနှင့်ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိရေးနည်းလမ်းများ၊ ရေဖိုးရေခကောက်ခံခြင်းနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျပြင်ဆင်ထိန်းသိမ်းရမည့်အချက်များကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

**အထွေး**

# အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်



**ရေနံချောင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာအုပ်စု ကြည့်မြင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်မေသက်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရေနံချောင်းမြို့နယ်အတွင်းရှိ ကြည့်မြင်ကျေးရွာ၊ သုံးဆယ့်ခြောက်ကျေးရွာ၊ ကျည်ကြီးကျေးရွာ၊ သဖန်းချောင်းကျေးရွာနှင့် ဘဲဆိပ်ကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

# ဘိုးဘွားတို့အမွေပေး လွတ်လပ်ရေး

* နှစ်ပေါင်းရှည်ကြာ နွံနစ်ရာမှ
ညီညာတိုက်ပွဲ လျှင်မြန်နွဲ၍
အောင်ပွဲတွေရ လွတ်လပ်ကြပြီ
သာစွမြန်ပြည် လှဝေစည်သည်
ပြည်သူ့ရွှင်ပြုံး ပျော်မဆုံး။

* လွတ်လပ်အမွေ ရခဲ့ပေမို့
တို့ပြေ(ပြည်)ဖွံ့ဖြိုး အလှတိုးအောင်
အမျိုးဘာသာ သာသနာနှင့်
မြန်မာတို့ပြည် ခိုင်ခံ့တည်အောင်
ကြည်ဖြူနှလုံး တူညီပြုံးလျက်
အမုန်းဖယ်ရှင်း ညီညွတ်ခြင်းဖြင့်
ချစ်ခြင်းခိုင်မာ တည်ဆောက်ပါ။

* လွတ်လပ်ခြင်းနှင့် ပြည့်ဂုဏ်မြင့်စေ
တွေးချင့်၍သာ ပြည်မြန်မာတွင်
သာယာအေးချမ်း စိတ်ရွှင်လန်းဖို့
အောင်ပန်းကိုပန် ပြည့်အောင်လံနှင့်
ရန်ဟူသမျှ ကင်းစင်ပအောင်
မြန်မာ့လွတ်လပ်ရေး ထိန်းသိမ်းပေး။

* (၇၇)ကြိမ်မြောက် ချိန်ခါရောက်သည်
ထွန်းတောက်မြော်တွေး လွတ်လပ်ရေးကို
အလေးဂရု စဉ်ရှေးရှု၍
ပြည်သူ့အင်အား ထုထည်များဖြင့်
တို့များကာကွယ် စောင့်ရှောက်စို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၆။ | ၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၈။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၀။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း တပ်မတော်၏လွတ်လပ်ရေး ထိန်းသိမ်းမှုသမိုင်း (ပထမပိုင်း)** |

# ကျန်းမာရေးအတွက်အရေးကြီးသောနံနက်စာနှင့် ရှောင်ရန်ဆောင်ရန်များ

နံနက်စာသည် တစ်နေ့တာ၏ဇီဝဖြစ်စဉ်ကိုစတင်စေပြီး ခန္ဓာကိုယ်အတွက်လိုအပ်သောစွမ်းအင်ကို ထောက်ပံ့ပေးနိုင်သောကြောင့် တစ်နေ့တာအတွက် အရေးကြီးဆုံး အစားအစာဖြစ်သည်။ အထူးသဖြင့် သွေးတွင်းသကြားဓာတ်ပမာဏကိုတည်ငြိမ်စေရန် ကြိုးစားနေသူများအတွက် မျှတသောနံနက်စာဖြစ်ရန် အရေးကြီးသည်။

နံနက်စာမစားခြင်း သို့မဟုတ် နံနက်ခင်းတွင် အစားအသောက်ရွေးချယ်မှုမမှန်ကန်ခြင်းသည် တစ်နေ့တာလုံး သွေးတွင်းသကြားဓာတ်ထိန်းညှိမှုကို ထိခိုက်စေနိုင်သည်။ သွေးတွင်းသကြားဓာတ်မြင့်တက်စေပြီး မောပန်းနွမ်းနယ်ခြင်း၊ လှုပ်ရှားမှုနှေးကွေးခြင်းတို့အပြင် ကျန်းမာရေးထိခိုက်စေနိုင်သည်။ အထူးသဖြင့် သွေးချိုဆီးချိုရောဂါရှိသူများ၊ အကြိုသွေးချိုရောဂါရှိသူများနှင့် ဇီဝဖြစ်စဉ်ကျန်းမာရေးနှင့်ပတ်သက်သောရောဂါရှိသူများအတွက် ရေရှည်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲ ပြဿနာများကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် တစ်နေ့တာလုံးစွမ်းအင်မြင့်မားနေစေရန်၊ သွေးတွင်းသကြားဓာတ်ပမာဏကို တည်ငြိမ်စေရန်နှင့် ကိုလက်စထရောကို ထိန်းထားရန် မျှတသောနံနက်စာကို ပုံမှန်စားရန်အရေးကြီးပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော နံနက်စာကို မှန်ကန်စွာရွေးချယ်စားသောက်ခြင်းဖြင့် စိတ်ကျေနပ်မှုနှင့်ပျော်ရွှင်မှုကို ထိန်းသိမ်းခြင်းသည် သွေးတွင်းသကြားဓာတ်နှင့် ကိုလက်စထရောပမာဏကို ထိန်းသိမ်းရန် ရေရှည်အောင်မြင်မှုအတွက် အရေးကြီးသောအချက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင်ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ နံနက်စာစားသုံးခြင်းသည် စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှစ်ခုစလုံးကို အကျိုးပြုကြောင်း ပြသထားသည်။

**နံနက်စာလုံးဝမစားဘဲနေခြင်းကို ရှောင်ပါ**

နံနက်စာကို လုံးဝမစားဘဲနေခြင်းသည် ကိုယ်အလေးချိန်ကျရန်အထောက်အကူဖြစ်မည်ဟုယုံကြည်ပြီး ကယ်လိုရီကို မြန်မြန်ဖြတ်ရန် နည်းလမ်းတစ်ခုဟု လူတော်တော်များများက ထင်နေကြပါသည်။ တကယ်တော့ နံနက်စာမစားခြင်းသည် သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်ပြီး တစ်နေ့တာလုံး ကာဗိုဟိုက်ဒရိတ်များသည့်အစားအစာများကို အလွန်အကျွံစားသုံးခြင်း သို့မဟုတ် သကြားဓာတ်များသည့်အစားအစာများကို တောင့်တခြင်း စသည့်စိတ်ကိုဖြစ်စေနိုင်ပါသည်။ နံနက်စာမစားခြင်းသည် တစ်နေ့တာတွင် ကျန်းမာရေးနှင့်မညီညွတ်သော သရေစာများစားသုံးခြင်းကို ဖြစ်ပေါ်စေနိုင်သောကြောင့် ကိုလက်စထရောပမာဏမြင့်မားခြင်းနှင့်ဆက်စပ်နေသည်။ သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိရန် ဆေးသောက်နေပါက နံနက်စာမစားဘဲနေခြင်းသည် သွေးတွင်းသကြားဓာတ်နည်းခြင်း (hypoglycemia) ကိုဖြစ်စေနိုင်သည်။

သုတေသနလေ့လာမှုများအရ နံနက်စာမစားသူများသည် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ ကိုလက်စထရောများခြင်း၊ သွေးချိုဆီးချိုရောဂါနှင့်ဇီဝဖြစ်စဉ်လက္ခဏာစုများဖြစ်နိုင်ခြေကို တိုးမြင့်စေပြီး နောက်ဆုံးတွင် နှလုံးသွေးကြောရောဂါဖြစ်ပွားမှုအန္တရာယ်များကြောင်း တွေ့ရှိခဲ့သည်။ သွေးတွင်းသကြားဓာတ် များလွန်းခြင်း သို့မဟုတ် နည်းလွန်းခြင်းများသည် သွေးချိုဆီးချိုရောဂါနောက်ဆက်တွဲပြဿနာများဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေနိုင်သည်။ ပရိုတင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အဆီနှင့်အမျှင်ဓာတ်များပါဝင်သည့် မျှတသောအစားအစာများဖြင့် တစ်နေ့တာကို စတင်ခြင်းသည် တစ်နေ့တာလုံး သွေးတွင်းသကြားဓာတ်ကို တည်ငြိမ်စေရန် ထိန်းထားနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်မြင့်မားခြင်းနှင့် နည်းခြင်းကို ရှောင်ရှားနိုင်သည်။

> "သုတေသနလေ့လာမှုများအရ နံနက်စာမစားသူများသည် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ ကိုလက်စထရောများခြင်း၊ သွေးချိုဆီးချိုရောဂါနှင့်ဇီဝဖြစ်စဉ်လက္ခဏာစုများ ဖြစ်နိုင်ခြေကိုတိုးမြင့်စေပြီး နောက်ဆုံးတွင် နှလုံးသွေးကြောရောဂါဖြစ်ပွားမှုအန္တရာယ်များကြောင်း တွေ့ရှိခဲ့သည်။ သွေးတွင်းသကြားဓာတ်များလွန်းခြင်း သို့မဟုတ် နည်းလွန်းခြင်းများသည် သွေးချိုဆီးချိုရောဂါနောက်ဆက်တွဲပြဿနာများ ဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေနိုင်သည် . . ."

**သကြားများပါဝင်သော ကာဗိုဟိုက်ဒရိတ်များစွာ စားသုံးခြင်းကိုရှောင်ပါ**

နံနက်ခင်းတွင် ရိုးရာကစီဓာတ်မြင့်မားသောအစားအစာများကို ပထမဦးစွာ စားသုံးခြင်းသည် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်လျင်မြန်စွာမြင့်တက်စေပြီး နှလုံးကိုအန္တရာယ်ဖြစ်စေသည်။ စတိုးဆိုင်မှဝယ်သော နံနက်စာများဖြစ်သည့် ပေါင်မုန့်ဖြူ၊ ကိတ်မုန့်၊ ပန်ကိတ်၊ ဝေဖာမုန့်များ၊ ကွတ်ကီးများ၊ ဒိုးနတ်မုန့်များတွင် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်နှင့်ပြည့်ဝဆီများ ကြွယ်ဝသဖြင့် သွေးတွင်းသကြားဓာတ်နှင့် မကောင်းသော ကိုလက်စထရော (LDL) အမျိုးအစားကို မြင့်တက်စေနိုင်ပါသည်။ သွေးတွင်းသကြားဓာတ်မြင့်တက်မှုသည် ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်တိုခြင်းနှင့်သကြားဓာတ်များသည့် ချိုသောအစားအစာများကို တောင့်တခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် သကြားပါဝင်မှုနည်း၍ အမျှင်ဓာတ်ကြွယ်ဝသော အုတ်ဂျုံကဲ့သို့သောကောက်နှံများ၊ ဂျုံလုံးများ၊ အညိုရောင်ပေါင်မုန့် သို့မဟုတ် အစေ့အဆန်ပေါင်မုန့်ကဲ့သို့သော မပြုပြင်ရသေးသည့် ကာဗိုဟိုက်ဒရိတ်များတွင် အမျှင်ဓာတ်ပိုများသဖြင့် အစာခြေနှေးခြင်းကို ကူညီပေးပြီး နံနက်ခင်းတစ်လျှောက်လုံးတွင် သွေးတွင်းသကြားဓာတ်ကို ပိုမိုတည်ငြိမ်စေပါသည်။

**သကြားပါသော ဖျော်ရည်များကိုရှောင်ပါ**

လူအများစုသည်နံနက်စာကိုသကြားပါသော ကော်ဖီဖျော်ရည်များ သို့မဟုတ် ခရင်မ်ပါသောလက်ဖက်ရည်တို့ဖြင့် တွဲဖက်စားသုံးကြသည်။ ဤဖျော်ရည်များသည် ပြည့်ဝဆီများနှင့်သကြားဓာတ်များသောကြောင့် သွေးတွင်းသကြားဓာတ်နှင့် ကိုလက်စထရောကို မြင့်မားစေနိုင်သည်။ အချိုရည်နှင့် သစ်သီးဖျော်ရည်များဖြင့် နံနက်ခင်းတွင် စတင်ခြင်းသည် သွေးတွင်းသကြားဓာတ်ပမာဏကို လျင်မြန်စွာ မြင့်တက်စေသည်။ အချိုရည်နှင့်သစ်သီးဖျော်ရည်များတွင် သကြားဓာတ်များစွာ ပါဝင်လေ့ရှိပြီး အမျှင်ဓာတ်ချို့တဲ့ခြင်းကြောင့် သွေးကြောအတွင်း သကြားဓာတ်စုပ်ယူမှုကိုလျင်မြန်စေသည်။ သွေးတွင်းသကြားဓာတ် အလွန်အကျွံမြင့်တက်ခြင်းသည် အင်ဆူလင်ထုတ်လုပ်မှုမြင့်တက်စေပြီး ကိုယ်အလေးချိန်တိုးလာစေနိုင်သည်။ ထို့ကြောင့် ဘလက်ကော်ဖီ၊ အချိုမပါသော လက်ဖက်ရည် သို့မဟုတ် ရေနွေးကြမ်းကိုရွေးချယ်ပါ။ ဖျော်ရည်သောက်မည့်အစား အမျှင်ဓာတ်ပါသော လတ်ဆတ်သည့်အသီးအနှံများကို ရွေးချယ်ပြီး ပရိုတင်းရင်းမြစ်တစ်ခုဖြစ်သော ဒိန်ချဉ်နှင့်တွဲစားပါ။ အကယ်၍ လတ်ဆတ်သောသစ်သီးဖျော်ရည်ကို နှစ်သက်ပါက အစားအစာချိန်တွင် ခွက်တစ်ဝက်ခန့် သောက်သုံးနိုင်ပါသည်။

**နံနက်စာတွင် အမျှင်ဓာတ် ကြွယ်ဝသော အစားအစာများကိုစားပါ**

အပင်များတွင်တွေ့ရသော အစာချေဖျက်မှုနှေးသည့် အမျှင်ဓာတ်သည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ပြည့်ဝသောခံစားချက်ကို တိုးလာစေသည့်အပြင် နှလုံး၊ အစာအိမ်နှင့်အူလမ်းကြောင်းကျန်းမာရေးကို မြှင့်တင်ရန် အတွက်အရေးကြီးပါသည်။ အမျှင်ဓာတ်သည် သွေးတွင်းသကြားဓာတ်ထိန်းညှိမှုတွင် ကိုလက်စထရောကို လျှော့ချရန် အတွက်လည်း မရှိမဖြစ်လိုအပ်သည်။ အမေရိကန် သွေးချိုဆီးချိုရောဂါအသင်း (ADA)၏အဆိုအရ သွေးချိုဆီးချိုရောဂါရှိသူများသည် သာမန်လူများကဲ့သို့ တစ်နေ့လျှင် အမျှင်ဓာတ်ပမာဏ ၂၅ ဂရမ်မှ ၃၈ ဂရမ်အထိ စားသင့်သည်။ ဂျုံ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များတွင်ပါဝင်သော အမျှင်ဓာတ်သည်အစာအိမ်အတွင်း ကိုလက်စထရောနှင့် ပေါင်းစပ်နိုင်ပြီး ယင်းကို ခန္ဓာကိုယ်မှဖယ်ရှားနိုင်သည်။

**အသီးအနှံများ အလွန်အကျွံ စားခြင်းကိုရှောင်ပါ**

အသီးအနှံများသည် အစားအသောက်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော ဖြည့်စွက်စာဖြစ်သော်လည်း နံနက်ခင်းတွင် အသီးအနှံများ အလွန်အကျွံစားခြင်းသည် သွေးတွင်းသကြားဓာတ်ကို သိသိသာသာ မြင့်တက်စေနိုင်ပါသည်။ ငှက်ပျောသီး၊ စပျစ်သီးနှင့်သရက်သီးကဲ့သို့သော အသီးအနှံများသည် သဘာဝသကြားဓာတ်မြင့်မားပြီး သွေးတွင်းဂလူးကို့စ်ပမာဏမညီမျှခြင်းကို ဖြစ်စေနိုင်သည်။ အသီးအနှံစားသုံးမှုကို မျှတစေရန် ပရိုတင်းနှင့်အမြဲတွဲစားပေးပါ။ ဘလူးဘယ်ရီနှင့် စတော်ဘယ်ရီကဲ့သို့သော ဘယ်ရီသီးများသည် သကြားဓာတ်နည်းသဖြင့် နံနက်စာအတွက် ဒိန်ချဉ်၊ အခွံမာသီး လက်တစ်ဆုပ်စာနှင့်အတူ တွဲဖက်စားနိုင်ပါသည်။

**နံနက်စာတွင် ပရိုတင်းရင်းမြစ်များ မျှတစွာပါဝင်စေပြီး ပြုပြင်ထားသော အသားများကိုရှောင်ပါ**

လူအများစုသည် နံနက်စာအတွက် ကာဗိုဟိုက်ဒရိတ်ကို အာရုံစိုက်ကြသော်လည်း သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းသိမ်းရာတွင် ပရိုတင်းသည်လည်း ထပ်တူအရေးကြီးပါသည်။ ပရိုတင်းဓာတ်သည် ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို နှေးကွေးစေပြီး တစ်နေ့တာလုံးအတွက် တည်ငြိမ်သော စွမ်းအင်ပမာဏကိုမြှင့်တင်ပေးသည်။ လုံလောက်သော ပရိုတင်းမပါဝင်လျှင် အစာစားပြီးပြီးချင်း သွေးတွင်းသကြားဓာတ်တက်လာနိုင်ပြီး အင်ဆူလင်ထုတ်လုပ်မှုမြင့်တက်စေသဖြင့် အစာစားပြီးပြီးချင်း ဆာလောင်မှုကိုခံစားရနိုင်သည်။ နံနက်စာတွင် ကြက်ဥ၊ တိုဟူး၊ ပဲနို့၊ ကြက်ကင်နှင့်အဆီမပါသော အရည်အသွေးမြင့် ပရိုတင်းမုန့်၊ ကြက်ကင်နှင့် အဆီမပါသော ပရိုတင်းအရင်းအမြစ်ကောင်းများကို ရွေးချယ်စားသင့်ပါသည်။ လူကြိုက်များသော နံနက်စာများဖြစ်သည့်ဝက်အူချောင်းများ၊ ပြုပြင်ထားသော ကြက်သားပြားများနှင့် ငါးကြော်များတွင် ပြည့်ဝဆီနှင့် ဆိုဒီယမ်မြင့်မားသဖြင့် ယင်းတို့ကိုပုံမှန်စားသုံးလျှင် မကောင်းသော ကိုလက်စထရော(LDL) ကိုတိုးစေပြီး နှလုံးကိုအန္တရာယ်ဖြစ်စေနိုင်ပါသည်။

**ကျန်းမာရေးနှင့်ညီညွတ်သော အဆီများပါဝင်စေရန် သတိပြုပါ**

ကျန်းမာရေးနှင့်ညီညွတ်ရန် ကြိုးစားရာတွင် အဆီအားလုံးကိုရှောင်ကြဉ်ရန် မလိုအပ်ပါ။ အဆီများသည် အစာချေဖျက်မှုနှင့်ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ကိုမျှတအောင်ထိန်းထားရန် မရှိမဖြစ်လိုအပ်ပါသည်။ သွေးတွင်းသကြားဓာတ်ပမာဏကို တည်ငြိမ်အောင်ထိန်းပေးကာ အချိန်ကြာကြာ ဗိုက်ပြည့်စေသည်။ ထောပတ်သီး၊ အခွံမာသီး၊ အစေ့အဆန်များနှင့် သံလွင်ဆီကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော အဆီများသည် ကောင်းသော ကိုလက်စထရော (HDL)ကို မြှင့်တင်ရန်နှင့် မကောင်းသောကိုလက်စထရော (LDL) ကို လျှော့ချရန်ကူညီပေးသည်။ သို့ဖြစ်၍ ပုံမှန် နံနက်စာအစီအစဉ်တွင် ၎င်းတို့ကို သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည်။

**နံနက်စာစားသောအချိန်နှင့် ပမာဏကိုပုံမှန်ဖြစ်စေရန် သတိပြုပါ**

အစားအသောက်များကို တစ်သမတ်တည်းမစားခြင်းသည် သွေးတွင်းသကြားဓာတ်မမှန်ခြင်းနှင့် အလွန်အကျွံစားခြင်းတို့ကိုဖြစ်စေနိုင်သည်။ ဥပမာ- တစ်နေ့မှာ နံနက်စာမစားဘဲ နောက်နေ့နံနက်စာများများစားရင် သွေးတွင်းသကြားဓာတ်ပမာဏမညီညွတ်တာကို တွေ့ရနိုင်ခြေပိုများပါတယ်။ နံနက်စာစားပြီး နှစ်နာရီအကြာမှာ သွေးတွင်းသကြားဓာတ်တက်လာတာကိုသတိပြုမိရင် စားခဲ့တဲ့အစားအစာအမျိုးအစားနှင့်ပမာဏကိုပြန်ကြည့်ပါ။ သွေးတွင်းသကြားဓာတ်ပမာဏသည် သောက်သောဆေးဝါးများ၊ စားထားသည့် အစားအစာ၊ စားပြီးသောပမာဏနှင့် လှုပ်ရှားမှုပေါ်မူတည်၍ ကွဲပြားပါသည်။ နံနက်စာအတွက် တူညီသောကာဗိုဟိုက်ဒရိတ်ပမာဏကို အကြမ်းဖျင်းစားပြီး ခန္ဓာကိုယ်ကတုံ့ပြန်ပုံကို အကဲဖြတ်ပါ။ မျှတသောနံနက်စာအတွက် အမျှင်ဓာတ်၊ ပရိုတင်းနှင့် မပြည့်ဝဆီများပါဝင်သော အစားအစာများကို စားရန်သတိပြုပါ။

အချုပ်အားဖြင့်ဆိုရသော် နေ့ရက်တိုင်းတွင် ကျန်းမာရေးနှင့်ညီညွတ်သောနံနက်စာဖြင့်စတင်ရန် အမျှင်ဓာတ်ကြွယ်ဝသော ကာဗိုဟိုက်ဒရိတ်များ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ ကျန်းမာရေးနှင့်ညီညွတ်သော အဆီနှင့် ပရိုတင်းများ၊ ငါးများကိုရွေးချယ်၍ အချိန်နှင့်ပမာဏကိုပုံမှန်ဖြစ်စေရန် သတိပြုစားသောက်သင့်ပါသည်။ သင့်တင့်မျှတသောနံနက်စာသည် ခန္ဓာကိုယ်အတွက် လိုအပ်သောစွမ်းအင်ပမာဏကို အားဖြည့်ပေးနိုင်ပြီး သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါနှင့် ရေရှည်ကျန်းမာရေးပြဿနာများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# ရှေ့သို့ချီမည်ပန်းတိုင်ဆီ စုပေါင်းအားဖြင့်ဆောင်ရွက်မည်

ဘုန်းမောင်ဝင်း(ဖျာပုံ)

လွတ်လပ်ရေးဆိုသည်မှာ **တိုင်းတစ်ပါး၏အုပ်စိုးခြင်းမှလွတ်လပ်မှု**ဟူ၍ မြန်မာ အဘိဓာန်တွင် ဖွင့်ဆိုထားသည်။ အချိန်တိုအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရန်အတွက် ပြန်လည်တိုက်ပွဲဝင်ခဲ့ရသည်မှာ အချိန်ကာလကြာမြင့်စွာကြိုးပမ်းခဲ့ကြရသည်။ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် ဘိုးဘွားတို့ အသက်သွေးပေါင်းများစွာပေးဆပ်ကြရသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲသည် ၁၈၈၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်ဟုဆိုသော်လည်း စစ်ပွဲဟူ၍ပင်မဆိုနိုင်ပေ။ အင်္ဂလိပ်တို့၏ သပ်လျှိုသွေးထိုးနှောင့်ယှက်မှုကြောင့် မန္တလေးရတနာပုံနန်းတော်တွင်းမှာပင် စည်းလုံးညီညွတ်မှုပြိုကွဲလျက်ရှိသည့်အတွက် မြန်မာနိုင်ငံအထက်ပိုင်းကို အလွယ်တကူသိမ်းပိုက်သွားနိုင်ခဲ့သည်။

လွတ်လပ်ရေးဆုံးရှုံးရသောအကြောင်းရင်းများတွင် ခေတ်မီတပ်မတော်တစ်ရပ်မရှိခြင်းဟု ဆိုကြသော်လည်း ထိုခေတ်မီတပ်မတော်တစ်ရပ်ကိုတည်ထောင်ရန် စီမံခန့်ခွဲမှုကောင်းသောခေါင်းဆောင်များမရှိခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးရခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ **ခရစ်နှစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့**မှစတင်၍ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့၏လက်အောက်သို့ကျရောက်သွားခဲ့ကာ လွတ်လပ်ရေးဆုံးရှုံးသွားခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးသွားသည့်အခါ ယခင်ကညီညွတ်နေသောတိုင်းရင်းသားအချင်းချင်းကို နယ်ချဲ့အင်္ဂလိပ်တို့က သွေးခွဲအုပ်ချုပ်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားတို့ကို အဘယ်ကြောင့်သွေးကွဲအောင်လုပ်ဆောင်ခဲ့ရပါသလဲဆိုသောအဖြေကို လေ့လာကြည့်သောအခါ ထင်ရှားစွာတွေ့ရှိသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာမှုရှိနေသောကြောင့်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးကြိမ်စလုံးတွင် မြန်မာတိုင်းရင်းသားများစုစည်းညီညာစွာတိုက်ပွဲဝင်ခဲ့ကြကြောင်း အင်္ဂလိပ်တို့ရေးသားသောမှတ်တမ်းများတွင် ဖော်ပြပါရှိသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးသွားသည့်အခါ မြန်မာတိုင်းရင်းသားတို့က အင်္ဂလိပ်နယ်ချဲ့ကို ပြောက်ကျားနည်းဗျူဟာဖြင့်တိုက်ခိုက်ခဲ့သည်၊ ထို့အတူ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ တတိယစစ်ပွဲများအပြီးတွင်လည်း တိုင်းရင်းသားများပါဝင်ခဲ့သည်။

"မြန်မာလူမျိုးတို့သည် မည်သည့်ချုပ်ချယ်မှုကိုမျှလည်း အလိုရှိသောလူမျိုးမဟုတ်၊ တိတိကျကျအားဖြင့် နိုင်ငံခြားသားများ၏အုပ်ချုပ်ခြင်းကို နည်းနည်းမျှလိုလားသူများမဟုတ်ကြ။ ထို့ကြောင့် မြန်မာတို့သည် အတိုက်အခိုက်ကျွမ်းကျင်သူတို့ကို ခေါင်းဆောင်တင်မြှောက်ကာ ကျွန်ုပ်တို့ကိုစတင်တိုက်ခိုက်ကြတော့၏။ ဤနည်းဖြင့် မြန်မာပြည်အထက်ပိုင်းဗန်းမော်မှ အလယ်ပိုင်း မင်းလှမြို့အထိ၊ ရှမ်းပြည်မှသည် ချင်းတောင်တန်းများအထိ တစ်ပြည်လုံးအုန်းအုန်းကျွက်ကျွက်ဆူပွက်ပုန်ကန်တိုက်ခိုက်ကြပါတော့သည်" ဟူ၍ အင်္ဂလိပ်လူမျိုး **ဗိုလ်ဒင်းဟော**က ရေးသားခဲ့သည်။



လွတ်လပ်ရေးဆုံးရှုံးသွားသည်ကို သိရသည်နှင့်တစ်ပြိုင်နက် တိုင်းရင်းသားအပေါင်းတို့က ရရာလက်နက်စွဲကိုင်ကာ နယ်ချဲ့ကိုတော်လှန်ခဲ့ကြသည်။ ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၊ ဆင်ဖြူကျွန်းမှ ဆရာတော် ဦးဥတ္တမ(ရခိုင်လူမျိုး)၊ ရွှေဘိုနယ်မှ ထိပ်တင်မှတ်၊ နတ်မောက်နယ်မှ ဗိုလ်မင်းရောင်၊ ပုဂံနယ်မှ ဗိုလ်ချို၊ ချင်းပြည်နယ်မှ ကြွမ်ဘိ၊ ဝဲလောင်နယ်မှ ဗိုလ်ရာညွန့်၊ မင်းတုန်းနယ်မှဗိုလ်ရွှဲ၊ ဓနုဖြူနယ်မှ ဗိုလ်မြတ်ထွန်း၊ ဇီးပင်ကြီးနယ်မှ မြင်စိုင်းမင်းသား၊ ကျောက်ဆည်နယ်မှဗိုလ်သာကြိုင်၊ ကျွန်းခင်းကြီးနယ်မှ ဗိုလ်လှကျော်၊ ကယားပြည်နယ်မှ စောလဖော်၊ "ဝ" နယ်မှ စောမဟာနှင့် နော်ခမ်းဦး၊ ပုပ္ပားနယ်မှဗိုလ်နက်ကျော်၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါး၊ သာယာဝတီနယ်မှ ဗိုလ်ခေါင်းကြီးနှင့် ဗိုလ်ခေါင်းလေးတို့ဖြစ်ကြသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏စည်းလုံးညီညွတ်မှုကိုမြင်တွေ့နိုင်သည်။ ထို့ကြောင့် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို သွေးခွဲအုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအစတွင် နိုင်ငံအတွက် မှတ်တမ်းတင်ရမည်မှာ ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဖြစ်သည်။ အသင်း၏ဦးတည်ချက်မှာ **အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါ**ဟူ၍ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်သို့ရောက်သောအခါ ရန်ကုန်မြို့တွင်သာမဟုတ်ဘဲ နယ်အသီးသီးတွင်လည်း ဝိုင်အမ်ဘီအေအသင်းခွဲများကို ဖွဲ့စည်းလာကြသည်။ မြန်မာပြည်လုံးဆိုင်ရာ ဝိုင်အမ်ဘီအေအသင်းများ၏အစည်းအဝေးကို ၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြို့၌ကျင်းပသည်။ ယင်းနိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးမှပင် ဝိုင်အမ်ဘီအေအဖွဲ့များ၏ အသင်းချုပ်ကြီးဖွဲ့စည်းလိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်မှ ၃၁ ရက်အတွင်း ကျင်းပခဲ့သော ဝိုင်အမ်ဘီအေအသင်းကြီး၏ အဋ္ဌမအကြိမ်ညီလာခံက ဝိုင်အမ်ဘီအေကို မြန်မာပြည်လုံးဆိုင်ရာ အသင်းချုပ်ကြီး **(ဂျီစီဘီအေ)**ဟူ၍ အမည်ပြောင်းခဲ့သည်။

ဤကာလအတွင်း အရှိန်ကောင်းကောင်းနှင့်စည်းလုံးညီညွတ်နေခဲ့သော ဂျီစီဘီအေအသင်းချုပ်ကြီးကို အင်္ဂလိပ်နယ်ချဲ့သမားတို့က ၁၉၁၉ ခုနှစ် အိန္ဒိယအက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ဖြားယောင်းခဲ့သဖြင့် ဂျီစီဘီအေကြီးမှာ အစိတ်စိတ်အမြွှာမြွှာကွဲပြားသွားခဲ့သည်။ ဒိုင်အာခီဆိုသော သိုးဆောင်းတို့၏အဓိပ္ပာယ်မှာ နှစ်ခြမ်းခွဲ၍ အုပ်ချုပ်သောစနစ်ဟုဆိုလိုသည်။ မြန်မာတို့သည်ကိုယ့်အချင်းချင်းမည်သို့ပင် စိတ်ထားချင်းမတိုက်ဆိုင်ပါစေ၊ မြန်မာပြည်လွတ်လပ်ရေးအတွက် ထားရှိသောစိတ်ဓာတ်မှာတူညီသည်။ ၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်တွင် တို့ဗမာအစည်းအရုံးကိုထူထောင်သည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် သာယာဝတီမြို့အရှေ့ဘက်ရှိ တောင်ညိုစခန်းမှနေပြီး ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများက အင်္ဂလိပ်တို့ကို စစ်ကြေညာကာ စတင်တိုက်ခိုက်သည်။

ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံကြီးကို အင်္ဂလိပ်အစိုးရက ရက်စက်စွာနှိမ်နင်းသည်။ မြန်မာပြည်ရှိစစ်တပ်များဖြင့် နှိမ်နင်းမရနိုင်သောကြောင့် အိန္ဒိယမှစစ်ဗာရီတပ်များကို ခေါ်ယူအင်အားဖြည့်တင်းတိုက်ခိုက်ရသည်။ ရွာများစွာကို အင်္ဂလိပ်တို့ကမီးရှို့သည်။ မြန်မာအမျိုးသမီးများကို အင်္ဂလိပ်ကြေးစားစစ်သားများက မတော်မတရားပြုကျင့်သည်။ ဝံသာနုအသင်းဝင်များကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ထောင်ချခြင်းလုပ်ရပ်တို့ကို အင်္ဂလိပ်တို့မရှက်မကြောက်လုပ်ဆောင်ခဲ့ကြသည်။ ဤသည်မှာ သမိုင်းဖြစ်ရပ်မှန်များဖြစ်သည်။ ဆရာစံတော်လှန်ရေးသည် အင်္ဂလိပ်လက်အောက်ကျရောက်နေသော မြန်မာတို့အား လွတ်လပ်ရေးကို လက်နက်ဖြင့်တော်လှန်တိုက်ခိုက်ယူမှသာ ရနိုင်မည်ဟူသော သင်ခန်းစာကိုပေးအပ်ခဲ့သည်။

ထို့ကြောင့် တို့ဗမာအစည်းအရုံးကြီးသည် ဗမာ့လက်ရုံးတပ်များ၊ ကျောင်းသားသံမဏိတပ်များကို အပျော်တမ်းတပ်များအဖြစ်ဖွဲ့စည်းခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအတွက် စိတ်ဓာတ်သွင်းပေးခဲ့သည်။ ယခင်က တည်ထောင်ပြီးဖြစ်သော ဦးမောင်ကြီးခေါင်းဆောင်သည့်အပျော်တမ်းရဲတပ်ဖွဲ့ကလည်း စစ်ရေးလေ့ကျင့်ခန်းများကို တိတ်တဆိတ်လေ့ကျင့်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများနှင့် မြန်မာပြည်တစ်ဝန်းရှိ ကျောင်းသားများက ကျောင်းသားသမဂ္ဂများဖွဲ့စည်း၍ "ကျွန်ပညာအလိုမရှိ"ဟု ဟစ်အော်ကြွေးကြော်လာကြသည်။

၁၉၃၆ ခုနှစ်တွင် ကျောင်းသားများသည် အင်္ဂလိပ်ကိုလိုနီပညာရေးစနစ်ကို တော်လှန်သောအားဖြင့် ရန်ကုန်တက္ကသိုလ်မှအစပြုကာ အထက်တန်းကျောင်းများပါသပိတ်မှောက်ကြသည်။ **ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်အဖြစ် ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်ခဲ့သည်။** ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ရေနံချောင်း၊ ချောက်စသောရေနံမြေရပ်ကွက်များ၌ ရေနံမြေအလုပ်သမားများသည် အင်္ဂလိပ်အရင်းရှင်တို့၏ ဖိနှိပ်မှုများကြောင့် သပိတ်မှောက်ကြသည်။ အလုပ်သမားတပ်ကြီးသည် အရင်းရှင်ရေနံကုမ္ပဏီဖိနှိပ်မှုများကို ပြည်သူလူထုထံတင်ပြရန်နှင့် အစိုးရထံဖျန်ဖြေပေးရေးတောင်းဆိုရန် ရေနံမြေမှ ရန်ကုန်မြို့သို့ လမ်းလျှောက်ချီတက်ခဲ့ကြသည်။ ပဲခူးနယ်မှ လယ်သမားပေါင်းနှစ်သောင်းကျော်တို့သည်လည်း ရန်ကုန်သို့ဆန္ဒပြချီတက်လာကြသည်၊ ရေနံမြေအလုပ်သမားများအရေးကြောင့် ကျောင်းသားသမဂ္ဂခေါင်းဆောင်များကို အစိုးရကဖမ်းဆီးထားပြန်သည်။ ထိုသို့ဖမ်းဆီးခြင်းကို ကန့်ကွက်သောအားဖြင့် ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ကျောင်းသားများသည် အစိုးရအတွင်းဝန်များရုံးကြီးကို ဝိုင်း၍အင်အားပြကြသည်။ အစိုးရက မြင်းနှင့်တိုက်၊ နံပါတ်တုတ်ဖြင့်ရိုက်သဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်သေဆုံးပြီး ကျောင်းသားအများအပြားဒဏ်ရာရရှိသွားသည်။

ထိုအချိန်တွင် ကမ္ဘာ့အခြေအနေမှာ ဒုတိယကမ္ဘာစစ်ပွဲကြီးဖြစ်ပွားရန်သေချာနေသည်။ ကမ္ဘာစစ်ဖြစ်၍ အင်္ဂလိပ်တို့အခက်တွေ့လျှင် မြန်မာတို့၏အချက်ပင်ဖြစ်ရမည်ဟု မြန်မာတို့ကယူဆကြသည်။ ပြည်တွင်းညီညွတ်ရေးအတွက် **"ဗမာ့ထွက်ရပ်ဂိုဏ်း"**ကိုတည်ထောင်ပြီး ပြည်ပနိုင်ငံတစ်ခုခုနှင့် အဆက်အသွယ်ရှာဖွေရာ နောက်ဆုံးတွင် ဂျပန်တို့နှင့်ဆက်သွယ်မိကြသည်။ **စာမျက်နှာ ၁၃ သို့** ❒

**○ လွတ်လပ်ရေးဆုံးရှုံးသွားသည့်အခါ ယခင်ကညီညွတ်နေသော တိုင်းရင်းသားအချင်းချင်းကို နယ်ချဲ့အင်္ဂလိပ်တို့က သွေးခွဲအုပ်ချုပ်ခဲ့၊ လေ့လာကြည့်သောအခါ ထင်ရှားစွာတွေ့ရှိသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာမှုရှိနေသောကြောင့်ဖြစ် . . .**

❒ **စာမျက်နှာ ၁၂ မှအဆက်**

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော **ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်**တွင် ပေါ်ထွန်းလာခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့် ပူးပေါင်းကာ အင်္ဂလိပ်တို့အား မြန်မာ့မြေပေါ်မှ မောင်းနှင်တိုက်ထုတ်ခဲ့ကြသည်။

မြန်မာတို့အဖို့ လွတ်လပ်ရေးရချင်လွန်း၍ အင်္ဂလိပ်တို့ကို မောင်းထုတ်ခဲ့သော်လည်း ဂျပန်တို့ကား မြန်မာတို့ကို စစ်မှန်သောလွတ်လပ်ရေးမပေးခဲ့ပေ။ "ကျားကြောက်၍ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး" ဆိုသည့်အတိုင်းပင် မြန်မာတို့သည် ဂျပန်တို့၏ ဖက်ဆစ်ဆန်ဆန်ညှဉ်းဆဲမှုများကိုခံရပြန်သည်။ ထို့ကြောင့် ဂျပန်တို့ခြေကုပ်မမြဲမီ မြန်မာတို့ကဂျပန်တို့ကို တော်လှန်မောင်းထုတ်ကြရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက **၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်**တွင် ဖက်ဆစ်ဂျပန်တို့ကိုစတင်တော်လှန်ခဲ့ကြသည်။ တပ်မတော်သည် ထိုနေ့ရက်မှစ၍ မည်သူ၏အမိုးအခိုအောက်တွင်မှ မရှိတော့ဘဲ သီးခြားရပ်တည်နိုင်ခဲ့ခြင်းကြောင့် နှစ်စဉ် မတ်လ ၂၇ ရက်ကို **တပ်မတော်နေ့**ဟု သတ်မှတ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးပြီးမြောက်ခဲ့သော်လည်း မြန်မာတို့လိုချင်သောလွတ်လပ်ရေးကားမရသေးပေ။ အင်္ဂလိပ်တို့ပြန်လည်ဝင်ရောက်လာကာ ပြန်လည်အုပ်ချုပ်ပြန်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် နေသူရိန်အစည်းအဝေးကြီးကျင်းပကာ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရသည်။ အင်္ဂလိပ်တို့၏ စစ်အုပ်ချုပ်ရေးရပ်ဆိုင်းပြီး အမျိုးသားအစိုးရပေါ်ပေါက်လာစေရန်ကြိုးပမ်းခဲ့ရာ အမျိုးသားယာယီအစိုးရဖွဲ့စည်းပေးရသည်အထိ လိုက်လျောလာခဲ့ရသည်။ ဂျပန်ခေတ်ကလျှို့ဝှက်စွာဖွဲ့စည်းလာခဲ့သော ဖတပလအဖွဲ့ချုပ်ကြီးသည် **ဖဆပလ**ဟုအမည်ပြောင်းလျက် ပြည်သူ့ရှေ့မှမားမားမတ်မတ်ရပ်တည်ကာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် ချုပ်ဆိုခဲ့ရသောစာချုပ်များကိုဖော်ပြရလျှင် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်လော့လူဝီမောင့်ဘက်တန်တို့ချုပ်ဆိုခဲ့သည့်စာချုပ်မှာ ကန္ဒီစာချုပ်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အမှတ်(၁၀)ဒေါင်းနင်းလမ်းရှိ အိမ်တွင် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ချုပ်ဆိုသောစာချုပ်မှာ အောင်ဆန်း-အက်တလီစာချုပ်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားကိုယ်စားလှယ်များ ချုပ်ဆိုသောစာချုပ်မှာ ပင်လုံစာချုပ်ဖြစ်သည်။ ပင်လုံစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသော ဖေဖော်ဝါရီလ ၁၂ ရက်ကို **ပြည်ထောင်စုနေ့**ဟု သတ်မှတ်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန်ရပ်တန့်စေရန် အင်္ဂလိပ်တို့က သွေးထိုးလှုံ့ဆော်မှုကြောင့် ဂဠုန်ဦးစောနှင့်အဖွဲ့သည် ၁၉၄၇ ခုနှစ် **ဇူလိုင်လ ၁၉ ရက်**တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သည့်အတွက်ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များကျဆုံးခဲ့ရသည်။ ထိုနေ့ကို **အာဇာနည်နေ့**အဖြစ် သတ်မှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားခဲ့သော်လည်း မြန်မာ့လွတ်လပ်ရေးရရှိရေးအတွက် ကျန်ရစ်သူများက ဆက်လက်ကြိုးပမ်းကြရပြန်သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် အင်္ဂလန်နိုင်ငံ၌ ဦးနုနှင့် မစ္စတာအက်တလီတို့ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် **၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀** အချိန်တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိခဲ့သည်။ ထို့ကြောင့် နှစ်စဉ်ဇန်နဝါရီလ ၄ ရက်ကို **လွတ်လပ်ရေးနေ့**အဖြစ်သတ်မှတ်ခဲ့သည်။

ဤသည်ကား မြန်မာ့လွတ်လပ်ရေးဆုံးရှုံးသွားခြင်း၊ မြန်မာ့လွတ်လပ်ရေးရရှိအောင်ပြန်လည်ကြိုးစားရခြင်းနှင့် မြန်မာ့လွတ်လပ်ရေးရရှိခြင်း၏အကြောင်းအရာ၊ အဖြစ်အပျက်များကို အနှစ်ချုပ်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ တိုင်းတစ်ပါးသားတို့အုပ်စိုးမှုအောက်တွင် နေထိုင်ကြီးပြင်းခဲ့ရသော တိုင်းရင်းသားတို့ဘဝမှာ လွန်စွာနိမ့်ကျလွန်းပြီး ဘာသာသာသနာနှင့်ယဉ်ကျေးမှုတို့မှာ ညှိုးမှိန်ခဲ့ရသည်။ ဂျပန်ခေတ်တွင် သေမင်းတမန်ရထားလမ်းအတွက် ချွေးတပ်လုပ်သားများအဖြစ် ခေါ်ဆောင်ခြင်းခံရသူများမှာ အသက်ပေါင်းများစွာဆုံးရှုံးခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်ကာလက မိမိတို့ဘိုးဘေးများ၏ ခံစားချက်များကို မျက်မှောက်ခေတ်မျိုးဆက်သစ်တို့ သိမြင်ပြီး နားလည်ခံစားနိုင်ရန် လိုအပ်သည်။ လွတ်လပ်ရေးဆုံးရှုံးခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်အရာရာတွင် ဆုံးရှုံးမှုများနှင့်ကြုံတွေ့ခဲ့ရသည်။

ကိုလိုနီလက်အောက်တွင်အဆိုးရွားဆုံးသောရက်စက်ယုတ်မာမှုမှာ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအကြားမှာ သွေးခွဲအုပ်ချုပ်ခြင်းဖြစ်သည်။ တောင်တန်းဒေသများက တိုင်းရင်းသားများနှင့် မြေပြန့်ဒေသက တိုင်းရင်းသားတွေကြားမှာ သံသယစိတ်အမျိုးမျိုးရိုက်သွင်းကာ ကျွန်သက်ရှည်အောင်ဆောင်ရွက်ခဲ့သည်။ မလွှဲသာ၍ လွတ်လပ်ရေးပေးရတော့မည့်အချိန်အထိ ခွဲခြားအုပ်ချုပ်မှုများ၊ သပ်လျှိုသွေးခွဲမှုများနှင့် အချင်းချင်းစည်းလုံးမှုပြိုကွဲအောင်လုပ်ခဲ့သည်။ မည်သို့ပင်သွေးခွဲသပ်လျှိုခဲ့သော်လည်း မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးဖွားကာ လွတ်လပ်ရေးကြီးကိုပြန်လည်ရယူပေးခဲ့ကြသည်မှာ ဘိုးဘွားတို့၏ပြည်ထောင်စုအမွေဖြစ်သည်။

**❍ ကိုလိုနီလက်အောက်တွင် အဆိုးရွားဆုံးသော ရက်စက်ယုတ်မာမှုမှာ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအကြားမှာ သွေးခွဲအုပ်ချုပ်ခြင်းဖြစ်၊ မည်သို့ပင်သွေးခွဲသပ်လျှိုခဲ့သော်လည်း မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးဖွားကာ လွတ်လပ်ရေးကြီးကို ပြန်လည်ရယူပေးခဲ့ကြသည်မှာ ဘိုးဘွားတို့၏ပြည်ထောင်စုအမွေဖြစ် . . .**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း နယ်ချဲ့တို့၏သွေးခွဲသပ်လျှိုအုပ်ချုပ်မှုအကျိုးဆက်က ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခြင်းမှာ အဆိုပါအကျိုးဆက်ကြောင့်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများရှိနေသည့်အတွက် နိုင်ငံ၏အခြေအနေမှာ တိုးတက်သင့်သလောက်မတိုးတက်ဘဲရှိနေခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူသားအရင်းအမြစ်များဆုံးရှုံးနေသည်။

လူသားအရင်းအမြစ်အားလုံးမှာ မြန်မာနိုင်ငံသားဖြစ်သည့်အတွက်လွန်စွာဝမ်းနည်းဖွယ်ကိစ္စဖြစ်သည်။ ခေတ်အဆက်ဆက်တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သောအစိုးရတိုင်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပကာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ကြိုးစားခဲ့သော်လည်း ပြည်ပသွေးထိုးနှောင့်ယှက်မှုများကြောင့် ရာနှုန်းပြည့်အောင်မြင်မှုမရှိသည်မှာ ယနေ့တိုင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ဦးဆောင်ထမ်းဆောင်နေစဉ်အတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံရေးတစ်ခုတည်းသာမဟုတ်ဘဲ စီးပွားရေးအရလည်း တိုးတက်မှုရှိနေရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေသည့်အတွက် ထိုလုပ်ငန်းများကိုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသလို အခြားစီးပွားရေးကဏ္ဍများကို တိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးဖို့ဆိုလျှင် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးမြင့်၊ အဆင့်အတန်းမီထုတ်လုပ်ပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးသည်အဓိကဖြစ်သည်။ အသေးစား၊ အငယ်စား၊ အလတ်စား **(MSME)**စီးပွားရေးလုပ်ငန်းများကို အထူးအားပေးနေခြင်းမှာ နိုင်ငံအနေဖြင့် ကုန်သွယ်မှုပိုငွေများပြားအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

စီးပွားရေးအရ တိုးတက်လာသော်လည်း လူမှုရေးအရ တိုးတက်မှုမရှိပါက နိုင်ငံအတွက် အချည်းနှီးသာဖြစ်သည်။ နိုင်ငံသားတိုင်းကစစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေရန် လိုပေသည်။ မျက်မှောက်ကာလစစ်ပွဲသဏ္ဍာန်များကို လေ့လာကြည့်လျှင် နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်နည်း၊ စစ်ရေးနည်းဟူ၍ တွေ့ရမည်ဖြစ်သည်။ ထိုနည်းပေါင်းစုံကိုကာကွယ်ရန်မှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကိုတစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ဖြစ်သည်။

**❍ မျက်မှောက်ကာလစစ်ပွဲသဏ္ဍာန်များကို လေ့လာကြည့်လျှင် နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်နည်း၊ စစ်ရေးနည်းဟူ၍တွေ့ရ၊ ထိုနည်းပေါင်းစုံကိုကာကွယ်ရန်မှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေကြရမည်ဖြစ် . . .**

တိုင်းရင်းသားအားလုံးမှာ ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများဖြစ်သည်ဟုခံယူသည့် စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်သည်ဟုခံယူသည့် စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံလျှင် တစ်ဦးကမပစ်ပယ်ဘဲ တစ်လုံးတစ်စည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုသည့် စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမည်ဟု ခံယူထားသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိသည်ဟုခံယူသည့် စိတ်ဓာတ်များကို ပေါင်းရုံးစုစည်းပြီးခေါ်ဆိုခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်သည် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်(၅)ရပ် ချမှတ်ထားသည်။ ယင်းတို့မှာ ၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။ ၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။ ၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်သော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။ ၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။ ၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့်အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ခွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးဟူ၍ဖြစ်သည်။

နိဂုံးချုပ်ဆိုရသော် ကျွန်တော်တို့၏ ဘိုးဘွားများရယူပေးခဲ့သောလွတ်လပ်ရေးကြီးသည် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲနေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများသည် ''ရှေ့သို့ချီမည် ပန်းတိုင်ဆီစုပေါင်းအားဖြင့် ဆောင်ရွက်မည်'' ဟု အဓိဋ္ဌာန်ပြုလျက်အောင်မြင်စွာဆောင်ရွက်ကြပါစို့။ ။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်





ရန်ကုန် ဇန်နဝါရီ ၂

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၇)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်ဦးရဲနိုင်၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တက္ကသိုလ်၊ ကောလိပ်များရှိ သင်ကြားရေး ဆရာ၊ ဆရာမများ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းနှင့်သက်ဆိုင်သော ဗဟုသုတနှင့်အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အလေးထားကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၇)သို့ သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၂၉၃ ဦး စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ ဇန်နဝါရီလ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်လွိုင်မွေဒေသရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



ကျိုင်းတုံ ဇန်နဝါရီ ၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၁ ရက် နံနက် ၁၁ နာရီခွဲက ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရဋ္ဌာသုမင်္ဂလာစေတီတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးဆက်ကပ်လှူဒါန်းပေးပြီး ဘုရားအတွက် ဘက်စုံမွမ်းမံပြုပြင်နိုင်ရန် အလှူတော်ငွေများကို စတုရဋ္ဌာသုမင်္ဂလာစေတီတော်ရှိ ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် လွိုင်မွေမြို့ လွိုင်မွေကန်တံတား တည်ဆောက်ရေးစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးမှ တံတားနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ တံတားအားလှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ကျေးရွာလေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင့်ဝေမှရှင်းလင်းရာပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပြီး ကျိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပန်ကွဲမှလွိုင်မွေလမ်းအပိုင်း(၂)အား ကွန်ကရစ်ခင်းရန်နှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကရှင်းလင်းရာပြည်နယ်ဝန်ကြီးချုပ်က လမ်းများရေရှည်တည်တံ့နိုင်ရန်အတွက် ထိန်းသိမ်းပေးကြရန် မှာကြားခဲ့ပြီး ၂၀၂၄ ခုနှစ် မိုးရာသီ ကျိုင်းတုံ-လွိုင်မွေအတက်လမ်း၊ လွိုင်မွေကန်ပတ်လည်နှင့် ၂၁ မိုင်အဆင်းလမ်း၊ လမ်းဘေးဝဲယာ ချယ်ရီပင်စိုက်ပျိုးခဲ့မှုနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကရှင်းလင်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တစ်အုပ်တစ်မစိမ်းလန်းစိုပြည်ရေးစိုက်ကွက် ချယ်ရီပင် ၁၇၀ စိုက်ပျိုးထားမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လွိုင်မွေစာတိုက်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စု တာခွယ်ကျေးရွာ ပရဟိတစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားအား တက်ရောက်၍ စာကြည့်တိုက်အဆောက်အအုံသစ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်မှတ်တမ်းအား လွှဲပြောင်းပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပေးအပ်ရာ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အလှူရှင်များက လက်ခံရယူကြပြီး အလှူရှင်များမှ စာကြည့်တိုက်အတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကလက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ ကျိုင်းလိတ်ရွာ နောင်ကုန်အုပ်စုတွင် အရှေ့မဲခေါင်ဝက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အရှေ့မဲခေါင်ဝက်မွေးမြူရေးခြံတွင် လက်ရှိစတင်မွေးမြူသည့် ကောင်ရေ ၁၂၀၀၊ ထပ်မံရောက်ရှိကောင်ရေ ၈၀၀၊ အသားတိုးဝက်အဖြစ် မွေးမြူကာလ လေးလနှင့် ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းမြို့နယ်တို့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူပညာပေးရှေ့တန်းစခန်း ကျိုင်းတုံမြို့ နောင်ကုန်ရွာ၌ တောင်သူများအား အီးအမ်ဘိုကာရှီပြုလုပ်သုံးစွဲခြင်း လက်တွေ့သရုပ်ပြသမှုနှင့် စူပါဘိုကာရှီလက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ၀၄၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့




❍ ရှေ့ဖုံးမှအဆက်

Channel ၊ MITV Channel ၊ MWD HD Channel၊ MWD Variety HD Channel ၊ Channel7၊ 5 plus Channel၊ Sky Net Up to Date ၊ MNTV ၊ Channel 9၊ M Channelနှင့် မဟာရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဒ္မဝတီ ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star ၊ သဇင် တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

(သတင်းစဉ်)

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အတွင်းရေကျော်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုအေးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်ဦးကျော်သန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ထူးတို့က ကျေးရွာတွင်းကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တာဝန်ရှိသူများက ကျေးရွာတွင်းကွန်ကရစ်လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာတွင်းကွန်ကရစ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်းကွန်ကရစ်လမ်းသည် အရှည် ၄၉၃ ပေ၊ အကျယ် ၁၀ ပေနှင့် ထု ၆ လက်မရှိပြီး ယနေ့ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ကျေးရွာနေအိမ်ခြေ ၆၁၀ ရှိ ပြည်သူ ၂၅၉၆ ဦးတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးတင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အလိုက် ထောက်ခံပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလမှဒီဇင်ဘာလအထိ မြေသြဇာတန်ချိန် ၁၄၀၃၁၄၈ ဒသမ ၂၁ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၆၀၄၁ ဒသမ ၆၀ တန်တင်သွင်းခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ် တင်သွင်းရန်ကျန်ရှိသော မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကိုလည်း ဆက်လက်စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ယခုသတ်မှတ်မည့် ရည်ညွှန်းဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ရောင်းချပေးနိုင်မည့်ဈေးနှုန်းများပင်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးသည့် အခါတိုင်းတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ အရောင်းဆိုင်များကို ရန်ကုန်အထိုင်ရည်ညွှန်းဈေးနှုန်းကိုအခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှုရှိပါက စိစစ်ကြီးကြပ်ဆောင်ရွက်ပေးရန်၊ သတ်မှတ်ရောင်းဈေးနှုန်းများ မှန်၊ မမှန်၊ သွင်းအားစုများသိုလှောင်ပြီး ဈေးကစားခြင်း ရှိ၊ မရှိတို့ကို ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ပူးပေါင်းကြီးကြပ်ဆောင်ရွက်ပေးရန်ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာဈေးနှုန်းအခြေအနေနှင့် မြေသြဇာဈေးနှုန်းများနှင့် ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာသို့သွားရောက်ပြီး ရွှေဝါထွန်းလယ်ယာနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်ရဲအောင်၏ RAKA 666 ဝါစိုက်ခင်း၌ ဝါများခူးဆွတ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရွှေဝါထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အသင်းသားတောင်သူများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရွှေဝါထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ ဝါစိုက်အသင်းသားတောင်သူများအနေဖြင့် တစ်ဧကလျှင် အနည်းဆုံး ပိဿာ ၆၀၀ မှ အများဆုံး ပိဿာ ၁၁၀၀ ထွက်ရှိပြီး တစ်ပိဿာပေါက်ဈေးမှာ ငွေကျပ် ၄၅၀၀ ရရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒလမြို့နယ်ရှိ သီရိဇေယျနော်ရထာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နုနုထွေးက ကလေးပြိုင်ပွဲနှင့် ပတ်သက်သည့်အချက်အလက်များအားလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်းက ပြိုင်ပွဲ၏အမှတ်ပေးစည်းကမ်းများအားလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါပြိုင်ပွဲတွင် မွေးကင်းစမှခြောက်လအထိ၊ ခြောက်လမှတစ်နှစ်အထိ၊ တစ်နှစ်မှတစ်နှစ်ခွဲအထိ၊ ကလေးအမြွှာမွေးဖွားသူ၊ သားကောင်းမိခင်ဆု စသည်ဖြင့်အုပ်စုခွဲယှဉ်ပြိုင်စေခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက သတ်မှတ်စံနှုန်းများဖြစ်သည့် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရပ်တိုင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း ရှိ/မရှိနှင့် ကျန်းမာရေးကောင်းမွန်မှုစိစစ်ခြင်း၊ လအလိုက် ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ကျန်းမာရေးဗဟုသုတများကို မေးမြန်းစစ်ဆေးခြင်း စသည်တို့ဖြင့်အကဲဖြတ်အမှတ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်များအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး အကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်မိသားစုများ တက်ရောက်ကြကြောင်းသိရသည်။

ဝန်းရံခ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**၁ ရှေ့ဖုံးမှအဆက်**

အထောက်အကူပေးရေးဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Judicial College အဆောက်အဦအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက Judicial College အဆောက်အဦသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College အဆောက်အဦသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College နှင့်စပ်လျဉ်းသည့် Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Judicial College အဆောက်အဦသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးထံ Judicial College အဆောက်အဦသစ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သော Judicial College အဆောက်အဦသစ်ကြီးကို စတင်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။




ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Judicial College အဆောက်အဦသစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်စဉ်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်တရားရေးကဏ္ဍာမြင့်မားရေးနှင့် တရားရေးဆိုင်ရာ အသိပညာဗဟုသုတများတိုးတက်ရေးအတွက် Judicial Academy, Judicial College, Judicial Training Centre စသည့်အမည်အမျိုးမျိုးဖြင့်တည်ထောင်ထားသည်ကိုတွေ့ရကြောင်း၊ အဆိုပါသင်ကြားသင်ယူမှုဌာနများတွင် နိုင်ငံတကာတရားသူကြီးများကိုဖိတ်ခေါ်ပြီး တရားစီရင်ရေးလေ့ကျင့်သင်ကြားပေးခြင်း၊ တရားစီရင်ရေးစနစ်ထွန်းကားရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်း၊ အပြန်အလှန်အသိပညာဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလုပ်ဆောင်နေကြခြင်း တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံများအကြားတရားစီရင်ရေးဖလှယ်မှုအစီအစဉ် (Judicial Exchange Programme)သည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်ပါ အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါအရာရောက်သည့်နေရာတစ်ခုဖြစ်ကြောင်း။

ထို့ပြင် ယခုကဲ့သို့နိုင်ငံတော်ငွေကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာတည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့် တရားသူကြီးများအတွက်လည်း လေ့လာသင်ယူဆွေးနွေးပို့ချသည့်နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်

## တောင်ဥက္ကလာပမြို့နယ်၌ လူငယ်နှင့်ရည်မှန်းချက်အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်ရည်မှန်းချက် အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၁ ရက်က ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင် စာရေးဆရာမ ပျိုပျိုတို့က လူငယ်များ ရည်မှန်းချက်ပန်းတိုင်ကို ငယ်စဉ်ကတည်းက ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူငယ်များရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန်အတွက် မိမိဖြစ်ချင်သည့် အရာများကို ရှင်းရှင်းလင်းလင်းသိရှိထားရန် လိုအပ်ကြောင်းတို့ကို အသိပညာပေးဆွေးနွေးသည်။

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများအသိပညာဗဟုသုတများရရှိစေရန်အတွက် အသိပညာပေးဆွေးနွေးပွဲများကို တောင်ဥက္ကလာပမြို့နယ် ပြည်သူ့စာကြည့်တိုက် Facebook Page ၌ စဉ်ဆက်မပြတ် လွှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**၃-၁-၂၀၂၅**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

တိုးတက်ရေးအကျိုးရှိရှိထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ အရ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ မှန်မှန်နှင့်မြန်မြန်တရားစီရင်ရေး ရှင်သန်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ ဥပဒေပြုမှုနှင့် အုပ်ချုပ်မှုအာဏာရပ်များက တရားစီရင်ရေးအာဏာအပေါ် ဝင်ရောက်စွက်ဖက်မှုကင်းပြီး အာဏာသုံးရပ် ပိုင်းခြားခွဲဝေကျင့်သုံးမှု တတ်နိုင်သမျှဆောင်ရွက်ရန် စသည့်နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာမူများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပြည့်အဝ လွှဲအပ်ကျင့်သုံးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး Judicial College အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**❑ ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍဖြစ်. . .**

**❑ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏မှန်ကန်မှုနှင့်မြန်ဆန်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့်တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်. . .**

တရားစီရင်ရေးမဏ္ဍိုင် တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ပေးနေမှုများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍဖြစ်ကြောင်း။

ထို့ကြောင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ပြည့်စုံစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်စသည့်တရားလွှတ်တော် (High Court) များကို အသစ်ဆောက်လုပ်ပေးခဲ့သကဲ့သို့ ခရိုင်တရားရုံး ၅ ခုကိုလည်း အသစ်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတရားသူကြီးအားလုံးအတွက် ဝန်ထမ်းတိုင်းခံစားခွင့်ရှိသည့် ဝတ်စုံစရိတ် (Outfit Allowance) အပြင် လုပ်ငန်းတာဝန်အရ မဖြစ်မနေဝတ်ဆင်ရသည့် ဝတ်ရုံစရိတ်များခွင့်ပြုပေးခြင်း စသည်များကိုလည်း နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍအတွက် လိုအပ်ချက်များကိုဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ဆောင်ရွက်ပေးနေမှုများကို အသိပေးပြောကြားရင်း တရားစီရင်ရေးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှတရားသူကြီးများကို အထူးမှာကြားလိုသည့်အချက်ရှိကြောင်း၊ **"တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရသည်"** ဆိုသော အသားကျနေသည့် စီရင်ထုံးလမ်းညွှန်ချက်အတိုင်းဖြစ်စေရန်နှင့် တရားသူကြီးများသည် အမှန်တရားကို ချစ်မြတ်နိုးရန်၊ နိုင်ငံအတွက် အများပြည်သူအတွက် စိတ်ကောင်းစေတနာထားရန်၊ အရည်အချင်းရှိသည့် တရားသူကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်တို့တွင် **"တရားဥပဒေစိုးမိုးရေး"** ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတိအလင်းထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏မှန်ကန်မှုနှင့် မြန်ဆန်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

Judicial College အဆောက်အဦသစ်ကြီး တည်ထောင်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအတိုင်း ယခုကျောင်းတော်ကြီးမှနေ၍ အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံတရားစီရင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရသည့် တရားစီရင်ရေးအကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့်နိုင်ငံအဖြစ် ပြသနိုင်မှုများဖော်ဆောင်နိုင်အောင် ဆောင်ရွက်ပေးကြရန်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)



Meeting Room အား တွေ့ရစဉ်။

# (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများကျင်းပ


ကန့်ဘလူ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများကို ဇန်နဝါရီလ ၂ ရက်တွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းနိုင်ဆွေ ဦးဆောင်၍ ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲများတွင် အတန်းစဉ်အလိုက် အပြေးပြိုင်ပွဲ၊ ကုလားထိုင်လု၊ အိတ်စွပ်၊ ဖားခုန်၊ ဆန်ကောရွက်၊ အာလူးကောက်၊ ဖွန်းကိုက်နှင့် ပူဖောင်းနင်းပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဇန်နဝါရီလ ၁၀ ရက်တွင် ကျင်းပမည့်စုံညီပွဲတော်၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံစေရေးတို့အတွက် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Judicial College of Union Supreme Court inaugurated



SAC Secretary General Aung Lin Dway sprinkles scented water on the plaque of Judicial College.

NAY PYI TAW January 2

The opening ceremony of new Judicial College building of Union Supreme Court in Ottarathiri Township, Nay Pyi Taw Council Area was held this morning. On behalf of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, SAC Secretary General Aung Lin Dway formally opened it.

Also present were SAC members, union level officials, union ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, Supreme Court judges, members of the Constitutional Tribunal, members of Anti-Corruption Commission, region/state high court chief justices, the chair of Union Legal-Aid Association, officials of ministries and legal officers of Union Supreme Court.

Union Chief Justice U Tha Htay, Chair of Constitutional Tribunal U Aung Zaw Thein, and Union Minister for Construction U Myo Thant formally opened the new building.

The SAC Secretary unveiled the signboard of the Judicial College building, and posed for documentary photo together with attendees.

The SAC Secretary and attendees sprinkled scented water on the plaque of the building.



SAC Secretary General Aung Lin Dway and attendees look around Judicial College.

At the second part of the ceremony, they watched a video clip on the Judicial College.

The Union Construction Minister handed over the related papers to the Union Chief Justice, who presented a commemorative gift to the SAC Secretary.

On behalf of the Senior General, the SAC Secretary delivered address. He said today, Judicial College, the first advanced level judicial studies centre, was opened. Hence, the Day goes down in the annals of the nation with pride, in addition to the judicial sector.

World countries have set up centres under various names, such as Judicial Academy, Judicial College, Judicial Training Centre, for improving the judicial sector, and development of judicial knowledge. They invite judges from the world countries, and conduct trainings, discussions, talks, knowledge exchange programs for development of judicial system. Judicial exchange program not only provides assurance for foreign investments but also enhances friendly relations between countries. Hence, it is a curial centre for the country.

The grand college built at a huge cost will open learning and study courses for foreign scholars as well as new judges, mid-level judges and senior judges of Myanmar. Hence, it can be effectively used for enhancing the capacity of judges.

The State Administration Council, in accordance with Article 419 of the Constitution, is exercising the three branches of state power—legislative, executive, and judicial—in compliance with the law. In carrying out these functions, the judicial independence stipulated under Article 19 of the Constitution is upheld, ensuring a fair and expeditious judiciary. Moreover, under Article 11 of the Constitution, legislative and executive powers are exercised without

See Page - 19►►



Opening ceremony of new Judicial College building of Union Supreme Court in progress.

►► From Page - 18

interference in judicial matters, adhering as much as possible to the principle of separation of powers. These constitutional principles, responsibilities, and authorities related to the judiciary are fully entrusted to and exercised by the Union Supreme Court, as widely recognized.

Additionally, the government wishes to highlight its efforts to promote the development and advancement of the judiciary and establish a judicial system that earns public trust and confidence. In fostering a trusted judicial system, the prudence, integrity, and competence of judges play a crucial role, as do the proper structuring and well-being of court institutions, which are also vital elements.

Therefore, to ensure that courts are well-equipped and meet proper standards, the government has constructed new High Courts in regions such as Mandalay and Mon State, as well as five new District Courts. In addition, the government has implemented measures to support the judiciary by providing outfit allowances for all judges in Myanmar, as well as additional allowances for mandatory outfits required for their official duties. These efforts demonstrate the government's commitment to addressing the needs of the judicial sector.

In acknowledging these governmental efforts to promote the development of the judiciary, a special message is directed to the judges of the Union Supreme Court and various subordinate courts. It emphasizes that **"in judicial proceedings, it is not only essential to render just decisions but also to ensure that such justice is visibly demonstrated to the public."** Judges are urged to uphold their love for justice, foster goodwill and compassion for the nation and its people, and strive to be capable and exemplary judges in their roles.

At present, the State Administration Council is fulfilling various national responsibilities in accordance with the Constitution, guided by its Five-Point Roadmap and Nine Objectives. Among these, the emphasis on **"the rule of law"** has been clearly stated and prioritized. To fully realize the rule of law, accuracy and expediency in the judicial process play a critical role. Therefore, judges are urged to exert their utmost efforts in fulfilling their responsibilities effectively in their respective roles.



A room at the newly opened Judicial College in Nay Pyi Taw.

In line with the objectives for the establishment and inauguration of the new Judicial College, this institution aims to foster cooperation with international partners, including ASEAN member states, through dialogue and exchange on judicial matters. By promoting international collaboration, it seeks to strengthen Myanmar's reputation as a nation that offers judicial protection and instills confidence for investment. Judges are encouraged to work towards ensuring that Myanmar's judiciary is recognized not only within ASEAN but globally, as a system that upholds fairness, independence, and equality. This would reflect the universal principles of justice, liberty, and equity. The efforts aim to enhance Myanmar's standing as a respected and admired judiciary on the global stage.

Afterward, the Chief Justice of the Union delivered a note of gratitude, and following the ceremony, the Secretary of the State Administration Council and other attendees toured the interior of the new Judicial College building. **100**

# State Administration Council

# Press Release

# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Putin calls for AI alliance with China



Putin calls for AI alliance with China.

MOSCOW January 2

Russian President Vladimir Putin has instructed the government and Sberbank, the country's largest bank and a tech innovator, to team up with China to develop artificial intelligence.

The directive, issued after an AI-themed conference in December, tasks Prime Minister Mikhail Mishustin and Sberbank CEO German Gref with spearheading the initiative. A progress report is expected by April 2025.

The partnership aims to tap into China's AI expertise, which is recognized as being among the world's most advanced. Sberbank, a leader in developing AI in Russia, has looked to China as a key inspiration for many of its projects. Alexander Vedyakhin, the bank's first deputy chairman, recently credited China's AI breakthroughs with shaping Sberbank's own ambitions.

China has heavily invested in AI, aiming to become the global leader by 2030, according to its 'New Generation Artificial Intelligence Development Plan' launched in 2017. Beijing has rapidly implemented AI across various sectors, including manufacturing, healthcare, and transportation, and leads in AI patent applications, particularly in generative AI technologies. Between 2014 and 2023, Chinese entities filed over 38,000 generative AI patents, accounting for approximately 70 percent of such filings worldwide.

Chinese researchers have significantly increased their contributions to AI literature. China surpassed the US in terms of total number of AI-related journal citations already in 2020.

During the December conference, Putin also emphasized the need to increase efforts to develop AI domestically. He's called for expanded AI use in schools to improve student counseling and learning, as well as support for local governments to integrate AI into public administration.

The Russian president announced that AI had helped slash robberies by 10.5 times and home burglaries by 34.5 times. In December 2024, the country introduced its first AI textbooks for students in grades 5-9. These textbooks provide an introduction to AI, detailing how it works, how specialists interact with it, and how it is applied across various industries. "Russia must become a world leader not only in terms of creating, but also adopting and integrating artificial intelligence in all spheres of our life without exception," he said. **RT**

# Musk says Cybertruck that exploded in Las Vegas contained blast, limited damage

MOSCOW January 2

US billionaire Elon Musk said on Thursday that the Cybertruck that exploded in Las Vegas was able to contain the explosion and limit the damage.

Shortly after the incident was reported late Wednesday, Musk announced that a top Tesla team was investigating the explosion. Tesla's investigation found that the explosion was caused by "very large fireworks and/or a bomb"stored in the rented vehicle, not a malfunction in the car itself.

"The evil knuckleheads picked the wrong vehicle for a terrorist attack. Cybertruck actually contained the explosion and directed the blast upwards. Not even the glass doors of the lobby were broken," Musk said on X.

During the investigation, Las Vegas police discovered gas tanks and large fireworks mortars in the bed of the Tesla Cybertruck that exploded near the Trump International Hotel in Las Vegas, Sheriff Kevin McMahil said later in the day, also thanking Musk for all the information he and his team provided.

Late on Wednesday, a Tesla Cybertruck exploded near the Trump International Hotel in Las Vegas. One person died and seven others were injured in the explosion, the Las Vegas Police Department said, adding that an investigation was underway. **Sputnik**

# Five dead and hundreds arrested in New Year's violence in Germany



Five dead and hundreds arrested in New Year's violence in Germany.

BERLIN January 2

Germany's New Year's Eve celebrations were overshadowed by violence and tragic incidents involving fireworks, resulting in five fatalities, dozens of injuries, and hundreds of arrests. The unrest also included attacks on police officers and firefighters.

In Berlin, the emergency services reported unprecedented violence, with firefighters and police targeted during the festivities by fireworks and other pyrotechnic devices. Firefighters responded to 1,892 incidents, and at least 13 attacks on emergency workers were documented.

Berlin police detained 330 people, with one officer severely injured by what the authorities suspect was an illegal firework. The officer underwent surgery, while others faced assaults while managing volatile crowds.

The violence was not confined to Berlin. In Leipzig, rioters set fires and built barricades, with approximately 50 individuals throwing fireworks and bottles at police. In Cologne, two officers were injured by firecrackers, and Hamburg experienced similar disturbances. **RT**

# Gunman kills 10 people, including 2 children, in Montenegro - Interior Minister

MOSCOW January 2

A gunman shot dead at least 10 people, including two children, in the Montenegrin city of Cetinje, Interior Minister Danilo Saranovic said.

On Wednesday, the Montenegrin police department said that in the afternoon, a man shot several people and then fled.

"The shooter is suspected of killing at least 10 people, two of whom were minors," Saranovic told reporters on Wednesday, adding that the father of the killed children was also shot dead.

The suspect also killed several members of his own family, the minister added.

Later on Wednesday, Saranovic said that the shooter committed suicide. He also added that the number of victims could increase to 12.

"[He] attempted to commit suicide, but did not die on the spot. He died on the way to the Clinical Center of Montenegro in Podgorica,"Saranovic said.

At the same time, Montenegrin Prime Minister Milojko Spajic noted that the National Security Council would consider a ban on gun ownership following the Cetinje shooting and called for tougher penalties for illegal gun ownership.

Montenegrin media reported that before the attack, the shooter had an argument with one of the victims, then went home to get a gun, returned to a cafe and killed and wounded several people. After that, he killed the children of the cafe owner and one woman. The shooter is reportedly known for his aggressive behavior and has previously been detained for illegal possession of weapons. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# Inside the 443ft long Green cruise ship of the future with wind and solar sails, battery banks and 'smart' cabins




It may be a luxurious way to sail the ocean blue, but cruising has never been particularly green.

That might be about to change, however, with a zero-emissions liner on the horizon.

Hurtigruten, which has run trips along Norway's coast for 130 years, is developing what may be the world's most energy-efficient ship of its class – boasting wind and solar sails, battery banks and 'smart' cabins.




Cruising has a higher carbon footprint than air travel and the design will hope to tackle this issue with its 'zero-emission propulsion'.

The ship, which the company expects to set sail in 2030, will be 443ft long and is set to have 270 cabins for 500 passengers. It will also carry cargo and those who want to travel to different parts of the coast.

Hurtigruten has partnered with SINTEF, a research organisation, to work on the concept.

Calculations show the design will use about 40-50 percent less energy than today's ships, which makes it possible to operate primarily on batteries as the main energy source.

Three retractable sails up to a height of 164ft will pull in air currents and be covered in solar panels.

The sails will also capture energy from the wind and use that to push the ship along, like a sail on a regular boat.

During the summer, the cruise will be powered by northern Norway's 'midnight sun' which shines throughout each day.

Passengers will also be able to control energy use in their cabin through a mobile-phone app.

Hedda Felin, chief executive of Hurtigruten, said: 'The Coastal Express has sailed the Norwegian coast for 130 years. For us to sail for 130 years more, we need to change the way we sail.

We are now upgrading our fleet, cutting $CO_2$ emissions by 25 percent. Still, for our precious nature and for future generations, we have to do more.

It will require a lot of hard work, a lot of investment and a lot of collaboration with very clever partners. But I know we'll get there.

'The cruising industry is a significant polluter and it is crucial that we now take major steps to reduce emissions.'

The 443-foot-long ship is also being designed to save as much energy as possible. The shape is streamlined to make it aerodynamic. A coating on the hull will help keep barnacles or other organisms from sticking to the side, helping it glide more smoothly through the water. "Air lubrication," a system that covers the bottom of the ship with tiny bubbles, will also help it reduce friction. An improved propeller system is expected to help save 5 percent 10 percent of the ship's energy. Artificial intelligence will help tweak routes for maximum efficiency. An app will give guests feedback on their own energy use, encouraging them to save more. While some of the features are already in use on other ships, "we want to take it to the next level and optimize it," says Gerry Larsson-Fedde, senior vice president of marine operations for the company, who originally proposed the overall "Sea Zero" project.

**Mail Online**

# Israeli military says killed Hamas security chief in S. Gaza

JERUSALEM January 2

The Israeli military announced on Thursday that it had killed Hussam Shahwan, identified as the head of Hamas' Internal Security in southern Gaza, in an overnight drone strike on a humanitarian zone.

According to a military statement, the strike targeted Shahwan while he was in a humanitarian zone in Khan Younis, where displaced Palestinians have sought shelter.

Later on Thursday, a rocket was fired from the southern Gaza Strip toward Israeli communities near the enclave, the military said, noting the rocket was intercepted, and there were no immediate reports of injuries or damage.

**Xinhua**

# ထီဆုငွေ ထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery

**eWallet နဲ့ ထီထိုးထားသူများ**

■ ထီဝယ်စဉ်က ပေးချေထားသည့် eWallet အကောင့်ထဲသို့ ထီဆုငွေ ဝင်လာပါမည်။

**ဖုန်းဘေလ်နဲ့ ထီထိုးထားသူများ**

■ Account Setting ထဲရှိ "ဆုငွေထုတ်ယူရန် နည်းလမ်းထည့်သွင်းခြင်း" တွင် အောင်ဘာလေ ဖွင့်ထားသော ဖုန်းနံပါတ်ဖြင့် ဖွင့်ထားသော eWallet အကောင့်ကို မှန်ကန်စွာ ရွေးချယ်ထားရမည်။ အထက်ပါကဲ့သို့ ရွေးချယ်မှသာ ထီဆုငွေ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

**ကျပ် (၁၀) သိန်းအထက် ထီပေါက်သူများ**

■ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတွင်ရှိသော အောင်ဘာလေသိန်းဆုဌာနတွင်ထုတ်ယူရမည်။



777 Call Center

SCAN ME

**ရန်ကုန်ရုံးချုပ်လိပ်စာ**
အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မန္တလေးရုံးချုပ်လိပ်စာ**
(၆၅)လမ်း ၊ (၂၂ × ၃၃) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။


## ရဟန်း ဒါယိကာမကြီး
## ဒေါ်မြကြွေ
## အုပ်ချုပ်ရေးအရာထမ်း-ဒု၊ အမှတ်(၂)သတ္တုတွင်း(အငြိမ်းစား)
## အသက်(၈၈)နှစ်

ဂန္ဓာမာ(၂)လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်နေ (ဦးချစ်ထွန်း-ဒေါ် အေးတင်) တို့၏သမီး၊ (ဦးသန်းထွန်း)၏ဇနီး၊ ဦးကျော်ဆန်းခိုင်-ဒေါ်စီစီထွန်း၊ ဦးအေးထွန်း-ဒေါ်အေးအေးချို၊ ဦးစိုးထွန်း-ဒေါ်စိုးစိုးမော်၊ ဦးတင်ထွန်း-ဒေါ် Cecilia တို့၏မွေးသမိခင်သည် ၁-၁-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)ညနေ(၂:၅၀)နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃-၁-၂၀၂၅ ရက်(သောကြာနေ့)မွန်းတည့်(၁၂:၀၀)နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

{ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက်(၈)နာရီမှ (၁၁)နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညို့ငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။}

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း**
စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ရွာသစ်ရွာနေ အောင်သီဟဆွေ(ဘ)ဦးဝင်းဆွေ ၅/ ဒပယ(နိုင်)၁၂၅၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 247726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၂၀၂၁၀၁၆

**ပျောက်ဆုံးကြောင်း**
နော်လယ်စေးဖေါ(ဘ)စောဂေးမှူး ၁၄/ ပပတ(နိုင်)၂၅၈၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၀၁၇၃၇၉

**ပျောက်ဆုံးကြောင်း**
ခင်မိမိထွန်း(ဘ)ဦးထွန်းတင် ၁၂/မဂတ(နိုင်) ၁၀၁၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၇၈၄၂

**ပျောက်ဆုံးကြောင်း**
မရှင်နှင်းအိမ်(ဘ)ဦးစိုးမိုးသူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၇၈၄၂

**ပျောက်ဆုံးကြောင်း**
မအိမွန်(ဘ)ဦးထွန်းရီ ၁၄/မအန(နိုင်) ၂၈၁၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လားလော်မ်ဆန်း(ဘ)ဦးဟရန်ဆပ်တန်း ၅/ ကလထ(နိုင်)၂၉၈၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လင်းလက်ငွေဇင်ကြယ်(ဘ)ဦးမင်းဝေ ၈/ ပဖန(နိုင်)၁၃၈၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 149082)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၅၄၁၄၁၉

**ပျောက်ဆုံးကြောင်း**
လားဒိုတလီန်း(ဘ)ဦးခေါ်လျံဆန်း ၅/ ကလထ(နိုင်)၃၀၃၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဇာဇာလွင်(ဘ)ဦးခင်ဦး ၇/ဝမန(နိုင်) ၁၈၀၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခန့်ဇော်ထက်(ဘ)ဦးမြင့်ဆွေ ၇/ကဝန(နိုင်) ၁၈၁၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၈၄၃၃၂၀

**ပျောက်ဆုံးကြောင်း**
အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်နေ ဇော်ဝင်း(ဘ)ဦးကေအေးစမတ်၁၂/အစန(နိုင်)၁၅၉၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၅၃၀၉၇၃

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ကျေးရွာအုပ်စုနေ လွင်မာကျော်(ဘ)ဦးမြင့်ဦး ၇/ လပတ(နိုင်)၁၇၉၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 730999)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၄၅၉၇၀၉

**ပျောက်ဆုံးကြောင်း**
တင်ထွန်း(ဘ)ဦးအိုက်ကြိမ် ၁၃/လရန(နိုင်) ၀၀၃၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၀၈၁၃၅၁

**ပျောက်ဆုံးကြောင်း**
ခေါင်ဘောမ်(ဘ)ဦးချန်းခမ် ၁/ခဖန(နိုင်) ၀၀၅၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 513134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၂၇၅၆၀

**ပျောက်ဆုံးကြောင်း**
ကေသီခိုင်(ဘ)ဦးထွန်းနိုင် ၁၂/လမန(နိုင်) ၀၅၄၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၇၃၂၀၉

**ပျောက်ဆုံးကြောင်း**
ကိုကိုဝင်း(ဘ)ဦးကျော်ဝင်း ၁၂/ခရန(နိုင်) ၁၅၃၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဟေမာနိုင်(ဘ)ဦးသောင်းနိုင် ၅/ဒပယ(နိုင်) ၀၈၀၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
GAN BAHADUR(ဘ)NARAIM DASS ၂/ လကန(ပြု)၀၀၀၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ နန်းပရင်းစု(ဘ)ဦးထွန်းအောင်ကြီး ၇/ထတပ(နိုင်)၁၂၃၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်နေ ဇင်ဝိုင်း(ဘ)ဦးမြင့်အောင် ၇/ပခန(နိုင်) ၂၇၁၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေါမြို့၊ အဗျားဘိုတဲကျေးရွာနေ အေးချမ်း(ဘ)ဦးထွန်းထွန်းဝင်း ၇/ဝမန(နိုင်)၂၂၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၉၇/မမ/CE | **ရွှေညောင်-တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း** ရွှေညောင်-တောင်ကြီးရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမူဘူတာနှင့်ထီသိမ်ဘူတာကြား လမ်းအူကြောင်းပြောင်းလဲဆောင်ရွက်မည့် Greatwall Filling နေရာ CH No(22040)မီတာနေရာတွင် 10' Flat Top တံတား(၁)စင်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | ၂၉၈/မမ/CE | ရွှေညောင်-တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမူဘူတာ-ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာပေါင်အောက် CH No(22040)မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတားနှင့် ပေါမူဘက်ခြမ်းဖို့မြေတာပေါင်တွင် TERRAMESH SYSTEM ဖြင့် Soil Reinforcement ပြုလုပ်ခြင်း(75 m) |
| ၃ | ၂၉၉/မမ/CE | ရွှေညောင်-တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမူဘူတာ-ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာပေါင်အောက် CH No(22040)မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတားနှင့် ထီသိမ်ဘက်ခြမ်းဖို့မြေတာပေါင်တွင် TERRAMESH SYSTEM ဖြင့် Soil Reniforcement ပြုလုပ်ခြင်း(75 m) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၇-၁-၂၀၂၅)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃-၁-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေဖြင့် စက်ပစ္စည်း/ပရိဘောဂများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - ၃-၁-၂၀၂၅(၁၀:၀၀)နာရီ
- အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၆-၁-၂၀၂၅(၁၆:၃၀)နာရီ
- တင်ဒါဝယ်ယူရမည့်နေရာနှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်၊ သမဲချောင်းကျေးရွာနေ ကြည်လွင်(ဘ)ဦးတင်ငွေ ၇/ကဝန(နိုင်) ၀၈၂၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

## တစ်ဦးတည်းပိုင်ဆိုင်ကြောင်း

စက်တပ်ရေယာဉ်ငယ်(လှေ)၊ ရညန(မွန်)၁၂၆/၁၆(၈၂'-၃"x၂၄'-၄"x၆'-၆")(၄၉.၉ တန်) MITSUBISHI-4D-34,(70)၊ BHP စက်တပ်ရေယာဉ်အမျိုးအစားအား ဒေါ်တင်တင်ရီ ၁၀/မလမ(နိုင်)၀၅၆၈၁၂ ကိုင်ဆောင်သူထံမှ ဒေါ်ကြူကြူဝင်း ၃/ဘအန(နိုင်)၂၈၄၇၉ မှ ဝယ်ယူသောရေယာဉ်အား ဒေါ်ကြူကြူဝင်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြူကြူဝင်း**
ဖုန်း-၀၉-၄၂၅၂၆၈၆၇၇

**ပျောက်ဆုံးကြောင်း**
ဒေါ်နိုင်း(ဘ)ဦးကြွယ် ၃/ပကန(နိုင်) ၀၃၇၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 923056)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မျိုးမင်းဦး(ဘ)ဦးတင်အောင် ၁၂/တမန(နိုင်) ၀၉၆၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 229213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၇၂၅၈၈၅

**ပျောက်ဆုံးကြောင်း**
အေးထက်ထက်ထွန်း(ဘ)ဦးချမ်းအေး ၁၀/ သထန(နိုင်)၂၆၉၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 030224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၃၆၇၀၀၆

**ပျောက်ဆုံးကြောင်း**
တင်မာဝင်း(ဘ)ဦးလှကျော် ၁၂/ဒဂတ(နိုင်) ၁၄၃၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၂၃၈၀၈၀

**ပျောက်ဆုံးကြောင်း**
ဇာဇာသိန်း(ဘ)ဦးချစ်ဖေ ၁၂/လမန(နိုင်) ၁၂၃၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၆၂၂၄၄၂

**ပျောက်ဆုံးကြောင်း**
ရဲချစ်(ဘ)ဦးမြဟန် ၁၂/ပဘတ(နိုင်) ၀၀၈၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၀၆၈၉၅

**ပျောက်ဆုံးကြောင်း**
အေးအေးမာ(ဘ)ဦးလှထွန်း ၈/ကမန(နိုင်) ၀၅၂၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြမောင်(ဘ)ဦးအောင်ခွေး ၉/ကပတ(နိုင်) ၀၄၂၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 194708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းဦး(ဘ)ဦးရမ်းဗဟာဒူး(ခ)ထိန်ဝင်း ၉/ပဥလ(နိုင်)၀၇၀၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ (၈)ရပ်ကွက်နေ မိုးဟိန်း(ဘ)ဦးဆန်းဝင်း ၇/ပခန(နိုင်)၄၀၃၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ နယ်မြေ(၈)၊ ကွင်းအမှတ်(၂၃၈-က)ပြောင်းပြာကွင်း၊ ဦးပိုင်အမှတ်(၁၈၅)၊ (အလျား ၅၀'-၀" x အနံ ၇၀'-၀")ရှိသော ဦးမြစိုးပိုင် ဝိုင်းမြေပေါ်တွင် ဒေါ်သင်းသင်းဝေ(၉/မခန(နိုင်)၁၅၅၅၈၃)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀" x အနံ ၂၀'-၀") ဝါးထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦနှင့်အရှည်(၂၄၀')ခြံစည်းရိုး ဆောက်လုပ်/ကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်ခြံစည်းရိုးဆောက်လုပ်/ကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါကဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# အမေရိကန်သို့ စစ်ဘက်-အရပ်ဘက်သုံးကုန်ပစ္စည်းများတင်ပို့မှု တရုတ်တားမြစ်

ပေကျင်း၊ ကုန်သွယ်ရေး

တရုတ်အစိုးရက စစ်ဘက်တွင်သာမက အရပ်ဘက်တွင်ပါအသုံးပြုနိုင်သည့် ကုန်ပစ္စည်းများ အမေရိကန်ကုမ္ပဏီများသို့တင်ပို့မှုကို တားမြစ်လိုက်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါကုန်ပစ္စည်းများတွင် ကုန်စည်များ၊ နည်းပညာသုံးပစ္စည်းများအပြင် ဝန်ဆောင်မှုများလည်းပါဝင်ကြောင်း၊ ယင်းကုန်ပစ္စည်းများကို စစ်ဘက်နှင့်အရပ်ဘက်တို့တွင်အသုံးပြုနိုင်သော်လည်း စစ်ဘက်တွင်အသုံးပြုနိုင်ခြေပိုမိုများပြားကြောင်း၊ အထူးသဖြင့် ဒီဇိုင်းပိုင်း၊ ထုတ်လုပ်ရေးပိုင်းနှင့် အဖျက်စွမ်းအားပြင်းလက်နက်များ၌ ထည့်သွင်းအသုံးပြုလေ့ရှိကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုလို စစ်ဘက်-အရပ်ဘက်သုံး ကုန်ပစ္စည်းများတင်ပို့မှုတားမြစ်ခံလိုက်ရသော ကုမ္ပဏီများတွင် ဂျင်နရယ်ဒိုင်းနမစ်၊ ဘိုးအင်း၊ လော့ဟိမာတင်နှင့် ရေးသီယွန်တို့အပါအဝင် အမေရိကန်နိုင်ငံမှကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ ၂၈ ခုပါဝင်ကြောင်းနှင့် ယင်းသို့ပို့ကုန်များတင်ပို့မှုတားမြစ်ရခြင်းသည် အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားတို့ကိုကာကွယ်ရန်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အမေရိကန်အစိုးရက ထိုင်ဝမ်ကျွန်းသို့ စစ်လက်နက်ပစ္စည်းများကို ထပ်မံရောင်းချပေးပြီးနောက် တရုတ်အစိုးရဘက်က ယခုကဲ့သို့ ပို့ကုန်တင်ပို့မှုများကိုတားမြစ်ခြင်းဖြစ်ကြောင်းနှင့် ပို့ကုန်တင်ပို့မှုတားမြစ်ခံရသည့်ကုမ္ပဏီများတွင် ထိုင်ဝမ်ကျွန်းသို့လက်နက်ရောင်းချပေးသော ကုမ္ပဏီများလည်းပါဝင်ကြောင်းသိရသည်။ **Ref: RT**




# ဘိုင်ဒင်က နိုင်ငံတော်သစ္စာဖောက်မှုကျူးလွန်ဟု အီလွန်မက်စွပ်စွဲ

ဝါရှင်တန်ဒီစီ၊ ပြည်တွင်းရေး

လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံအတွင်းသို့အများအပြားဝင်ရောက်နေထိုင်ခွင့်ပြုခြင်း၊ အမေရိကန်-မက္ကဆီကိုနယ်စပ်တံတိုင်းတည်ဆောက်မှုအတွက် ခွဲဝေပေးထားသော ကုန်ကြမ်းပစ္စည်းများကိုရောင်းချခြင်းအားဖြင့် နိုင်ငံတော်သစ္စာဖောက်မှုကိုကျူးလွန်ကြောင်း အီလွန်မက်ကစွပ်စွဲလိုက်သည်။

အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ရီပတ်ဘလစ်ကန်များက အမေရိကန်နိုင်ငံ၏နယ်စပ်ဒေသများ လုံခြုံမှုမရှိခြင်းအတွက် ဂျိုးဘိုင်ဒင်ကိုလွန်ခဲ့သောနှစ်များစွာကတည်းက ဝေဖန်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်-မက္ကဆီကိုနယ်စပ်တံတိုင်းကာရံမှုအတွက် ထရမ့်၏ပထမအကြိမ်သမ္မတသက်တမ်းတွင်ခွင့်ပြုခဲ့သော်လည်း ဂျိုးဘိုင်ဒင်လက်ထက်တွင်ရပ်ဆိုင်းသည့်အပြင် ဆောက်လုပ်ရေးပစ္စည်းများကိုပါလေလံတင်ရောင်းစားလိုက်သောကြောင့် ဂျိုးဘိုင်ဒင်အစိုးရအနေဖြင့် ပြင်းထန်သောဝေဖန်မှုများ၊ တိုက်ခိုက်မှုများနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထို့ကြောင့် ဂျိုးဘိုင်ဒင်အစိုးရသည် နယ်စပ်ကိုရည်ရွယ်ချက်ရှိရှိဖွင့်ပေးခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်သစ္စာဖောက်မှုကိုကျူးလွန်ခြင်းဖြစ်သည်ဟု အီလွန်မက်ကပြောထားခြင်းဖြစ်သည်။

**Ref: RT**





# အိန္ဒိယက အဆိပ်ဖြစ်စေသောစွန့်ပစ်ပစ္စည်းများကို စတင်ရှင်းလင်း

နယူးဒေလီ၊ ပြည်တွင်းရေး

အိန္ဒိယအစိုးရတာဝန်ရှိသူများက နိုင်ငံအလယ်ပိုင်း ဘိုဖာမြို့ရှိဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ နှစ်ပေါင်း ၄၀ ကြာမြင့်နေပြီဖြစ်သည့် အဆိပ်ဖြစ်စေသောစွန့်ပစ်ပစ္စည်းများကို စတင်ရှင်းလင်းကြောင်း သိရသည်။

၁၉၈၄ ခုနှစ်တွင် အမေရိကန်ပိုင်ကုမ္ပဏီတစ်ခု၏ စက်ရုံတစ်ခု၌ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီး နှစ်ပေါင်း ၄၀ အကြာတွင် အဆိပ်ဖြစ်စေသောစွန့်ပစ်ပစ္စည်းတန်ချိန် ၃၇၇ တန်နီးပါးကို တာဝန်ရှိသူများကရှင်းလင်းမှုစတင်လုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါစွန့်ပစ်ပစ္စည်းများကို ဇန်နဝါရီလ ၁ ရက်တွင် အလုံပိတ်ကွန်တိန်နာ ၁၂ လုံးဖြင့်တင်ဆောင်ပြီး ဘိုဖာမြို့မှ ကီလိုမီတာ ၂၅၀ အကွာရှိ ပီသမ်ပါစက်မှုဇုန်သို့ သယ်ဆောင်သွားခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကဖြစ်ပွားသည့် ဓာတ်ငွေ့ပေါက်ကွဲမှုအတွင်း လူဦးရေစုစုပေါင်း ၂၅၀၀၀ ကျော်သေဆုံးကာ ၁၅၀၀၀၀ မှာ ကျန်းမာရေးထိခိုက်မှုများဖြစ်ပွားသည်ဟုသိရသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### မွန်တီနီဂရိုး၌ပစ်ခတ်မှုတစ်ခုဖြစ်ပွား ကလေးနှစ်ဦးအပါအဝင် လူ ၁၂ ဦးသေဆုံး

မွန်တီနီဂရိုးနိုင်ငံတောင်ပိုင်း၌ရှိသော စားသောက်ဆိုင်တစ်ခုတွင် သေနတ်သမားတစ်ဦး၏ ရမ်းကားပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် လူ ၁၂ ဦး သေဆုံးကြောင်း အစိုးရရှေ့နေတစ်ဦးက ဇန်နဝါရီလ ၂ ရက်တွင်ပြောသည်။

အဆိုပါပစ်ခတ်မှုသည် ဇန်နဝါရီလ ၁ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး မူလက သေဆုံးသူ ၁၀ ဦးသာရှိရာမှ ၁၂ ဦးအထိ မြင့်တက်လာခြင်းဖြစ်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်သူသည် ကိုယ့်ခေါင်းကိုပြန်ပစ်ကာ အဆုံးစီရင်သွားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသေနတ်သမား၏ပစ်ခတ်မှုကြောင့် သေဆုံးသူများမှာ နေရာငါးခုတွင်သေဆုံးခြင်းဖြစ်သော်လည်း ပထမလေးဦးမှာမူ စားသောက်ဆိုင်၌သေဆုံးခြင်းဖြစ်သည်ဟု အစိုးရရှေ့နေကပြောသည်။

ထို့ပြင် အဆိုပါပစ်ခတ်မှုကြောင့်ဒဏ်ရာရရှိသူလေးဦးရှိကြောင်း၊ ၎င်းတို့ကို နီးစပ်ရာဆေးရုံ၌တင်ထားကြောင်း၊ သုံးဦးမှာ ပြင်းထန်ဒဏ်ရာများရရှိပြီး စိုးရိမ်နေရဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးကပြောထားသည်။ **Ref: BP**

### ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏မြန်နှုန်းမြင့်ရထားလမ်း အရှည် စံချိန်အသစ်တစ်ခုကျော်ဖြတ်မည်

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏မြန်နှုန်းမြင့်ရထားလမ်းအရှည်သည် စံချိန်အသစ်တစ်ခုကိုကျော်ဖြတ်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်နှုန်းမြင့်ရထားများပြေးဆွဲမှုအတွက် ရထားလမ်းအရှည်က ကီလိုမီတာ ၅၀၀၀၀ ကျော်မည်ဖြစ်သည့်အပြင် ထိုသို့ပြေးဆွဲမှုမှ အမြတ်ငွေသည် ယွမ် ၁ ထရီလီယံကျော်လွန်မည်ဟုတာဝန်ရှိသူများက ခန့်မှန်းထားသည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏မြန်နှုန်းမြင့်ရထားလမ်းအရှည်သည် ကီလိုမီတာ ၄၈၀၀၀ သာရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကီလိုမီတာ ၂၆၀၀ ကို ထပ်မံဖောက်လုပ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီးရထားလုပ်ငန်းအဖွဲ့က ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံတွင် မြန်နှုန်းမြင့်မီးရထားများပြေးဆွဲမှုကို ၂၀၀၈ ခုနှစ်တွင်စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိပြေးဆွဲသောခရီးအကွာအဝေးမှာ တစ်နိုင်ငံလုံး၌ မီးရထားပြေးဆွဲမှုအကွာအဝေး၏ ၃၀ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**Ref: SCMP**

### တူနီးရှားကမ်းလွန်၌ လှေနှစ်စင်းနစ်မြုပ် အနည်းဆုံးလူ ၂၇ ဦးသေဆုံး

တူနီးရှားနိုင်ငံကမ်းလွန်၌ ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါလာသော လှေနှစ်စင်းနစ်မြုပ်မှုကြောင့် အနည်းဆုံးလူ ၂၇ ဦးသေဆုံးကြောင်း ထိုနိုင်ငံ၏ကမ်းခြေစောင့်တပ်ဖွဲ့က ဇန်နဝါရီလ ၂ ရက်တွင်ထုတ်ပြန်သည်။

ရွှေ့ပြောင်းနေထိုင်သူများစွာလိုက်ပါလာသောလှေနှစ်စင်းက မြေထဲပင်လယ်ကိုကူးဖြတ်ရန်ကြိုးပမ်းစဉ် နစ်မြုပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့နစ်မြုပ်မှုမှ အသက်ရှင်ကျန်ရစ်သူ ၈၇ ဦးကို ကယ်ဆယ်ထားကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်လကလည်း တူနီးရှားကမ်းခြေစောင့်တပ်ဖွဲ့သည် ဥရောပသို့သွားနေသည့်လှေတစ်စင်းနစ်မြုပ်မှုမှ သေဆုံးသူအယောက် ၃၀ ၏ရုပ်အလောင်းများကို ဆယ်ယူရရှိဖူးသည်။

တူနီးရှားနိုင်ငံသည် တူနီးရှားနိုင်ငံသားများ၊ အာဖရိကနိုင်ငံသားများအနေဖြင့် ဥရောပတွင်ပိုမိုကောင်းမွန်သောဘဝကို ရရှိစေရန် ကြိုးပမ်းသည့်အနေဖြင့်သွားလိုကြသူများအတွက် ပင်မထွက်ခွာရာနေရာတစ်ခုဖြစ်လာသည်။ **Ref: TST**

### ဆိုက်ဘာထရပ်ကားပေါက်ကွဲမှုနှင့် နယူးအော်လင်း၌ တိုက်ခိုက်မှုတို့ကြားဆက်စပ်မှုကို FBI စစ်ဆေးနေ

လာ့စ်ဗီးဂတ်မြို့ရှိ ထရမ့်အင်တာနေရှင်နယ်ဟိုတယ်အပြင်ဘက်တွင် တက်စလာ၏ ဆိုက်ဘာထရပ်ကားပေါက်ကွဲမှုနှင့် နယူးအော်လင်းမြို့၌ လူ ၁၅ ဦးသေဆုံးရသည့် ထရပ်ကားဖြင့်တိုက်ခိုက်မှုတို့ကြားဆက်စပ်မှုကို FBI ကစုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြောင်း တာဝန်ရှိသူများကပြောသည်။

ဓာတ်ဆီဘူးများနှင့် ဗြောက်အိုးကြီးများတင်ဆောင်လာသည့် ဆိုက်ဘာထရပ်ကားကပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။ ထိုဖြစ်စဉ်သည် နှစ်သစ်ကူးနေ့နံနက်အစောပိုင်းတွင် နယူးအော်လင်းမြို့၌ လူအုပ်ထဲသို့ထရပ်ကားတစ်စီးက ရည်ရွယ်ချက်ရှိရှိဝင်တိုက်ပြီးနောက် မကြာမီဖြစ်ပွားခြင်းဖြစ်သည်။

FBI အနေဖြင့် ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြောင်း၊ ယာဉ်တိုက်မှုကျူးလွန်သူ၏ ကိုယ်ရေးအချက်အလက်များကို ရရှိထားပြီဖြစ်သော်လည်း တရားဝင်ထုတ်ပြန်မှုမရှိသေးကြောင်း FBI မှ တာဝန်ရှိသူတစ်ဦးက ပြောထားသည်။

**Ref: TST**

MILITARY

## Brahmos ဒုံးကျည်များဖြင့် ဒုံးကျည်အဓိကတင်ပို့သူဖြစ်လာမယ့် အိန္ဒိယ

အိန္ဒိယနိုင်ငံက လက်ရှိမှာဒုံးကျည်ကို အဓိကတင်ပို့သူဖြစ်လာမယ့်အနေအထား ကိုရောက်ရှိနေပါပြီ။ အကြောင်းရင်းကတော့ ဖိလစ်ပိုင်က Brahmos ဒုံးကျည်များတင်ပို့ရောင်းချဖို့အတွက် သဘောတူညီချက်ရရှိလိုက်လို့ပါပဲ။ သဘောတူညီချက်ရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာသန်း ၇၀၀ ရှိပါတယ်။

အခုလို ဒုံးကျည်များတင်ပို့ရေးအတွက် သဘောတူညီချက်ရရှိလိုက်ခြင်းက အိန္ဒိယအစိုးရရဲ့ကျယ်ပြန့်လှသောမဟာဗျူဟာဖြစ်တဲ့ ကာကွယ်ရေးမှာကိုယ့်အားကိုယ်ကိုးရေး၊ ပြည်ပမှသွင်းကုန်များအပေါ်မှီခိုနေရမှုကိုလျှော့ချရေး၊ ပြည်တွင်းဖြစ်နည်းပညာများရဲ့စွမ်းဆောင်ရည်များကို ကမ္ဘာသိထုတ်ဖော်ပြသရေးဆိုတဲ့ အချက်များနဲ့အညီဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့စင်မြင့်ထက်မှာ အဆင့်မြင့်ကာကွယ်ရေးပစ္စည်းများရောင်းချနိုင်တဲ့ နိုင်ငံအဖြစ်ဆီသို့ အိန္ဒိယနိုင်ငံကတက်လှမ်းလာနိုင်မှုကိုလည်း ဖော်ပြနေတာဖြစ်ပါတယ်။

Brahmos ဒုံးကျည်ဆိုတာ အသံထက်မြန် ဒုံးကျည်ဖြစ်ပြီး အိန္ဒိယနဲ့ရုရှားနိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုရဲ့ အသီးအပွင့်လည်းဖြစ်ပါတယ်။ Brahmos ဒုံးကျည်က ကီလိုဂရမ် ၃၀၀ အလေးချိန်ရှိတဲ့ထိပ်ဖူးကိုသယ်နိုင်ကာ မြေပြင်၊ ရေပြင်၊ ဝေဟင်တို့ကနေ အသုံးပြုနိုင်ပြီး ကီလိုမီတာ ၆၀၀ အထိ ရောက်ရှိနိုင်စွမ်းရှိပါတယ်။ **Ref: AR K.H**




## တူကီယဲရဲ့စွမ်းရည်ကိုပြန်လည်သတ်မှတ်ပေးမယ့် Altay ပင်မတိုက်ပွဲဝင်တင့်

Altay ပင်မတိုက်ပွဲဝင်တင့်က ၂၀၂၅ ခုနှစ် ဩဂုတ်လမှာ တူကီယဲကြည်းတပ်ရဲ့စစ်လက်နက်တစ်ခု ဖြစ်လာတော့မှာဖြစ်ပါတယ်။ အဲဒီပင်မတိုက်ပွဲဝင်တင့်ဆိုတာက သံချပ်ကာယာဉ်များရဲ့မျိုးဆက်အသစ်တစ်ခုကိုကိုယ်စားပြုနေတဲ့အပြင် ခေတ်သစ်ခြေလျင်တပ်ဖွဲ့တွေရဲ့ လိုအပ်ချက်တွေနဲ့ပြည့်မီအောင်လည်း တီထွင်ဖန်တီးထားတာကြောင့် တူကီယဲရဲ့ စွမ်းရည်ကို ပြန်လည်သတ်မှတ်ပေးမယ့် တင့်တစ်စီးဆိုရင်လည်း မမှားပါဘူး။

Altay ပင်မတိုက်ပွဲဝင်တင့်ကိုရရှိနိုင်ဖို့အတွက် တူကီယဲကာကွယ်ရေးကုမ္ပဏီများစွာက ပူးပေါင်းဆောင်ရွက်ထားကြတာပါ။ သူ့မှာ သွယ်ဝိုက်ကာကွယ်မှုစနစ်နဲ့ပေါက်ကွဲမှုကို တုံ့ပြန်တဲ့သံချပ်ကာပစ္စည်းတွေပါဝင်ပါတယ်။ ဒါ့အပြင် တိုက်ရိုက်ကာကွယ်ရေးစနစ်ကိုလည်း တပ်ဆင်ထားပါတယ်။ ဒီစနစ်တွေက ကုမ္ပဏီတစ်ခုချင်းစီကပါ။ အခုလို ပေါင်းစပ်လိုက်တဲ့အတွက် တိုက်ယာဉ်အဖွဲ့သားလေးဦးလိုက်ပါနိုင်တဲ့ ပင်မတိုက်ပွဲဝင်တင့်က တစ်ဖက်မှာရန်သူကို စိတ်ရှိလက်ရှိချေမှုန်းနိုင်နေစဉ် တခြားတစ်ဖက်မှာတော့ မိုင်းများ၊ ဖောက်ခွဲရေးပစ္စည်းများကိုခံနိုင်ရည်ရှိကာ ရှင်သန်နိုင်စွမ်းကို တိုးမြင့်စေမှာဖြစ်ပါတယ်။

Altay ပင်မတိုက်ပွဲဝင်တင့်ကို ပြည်တွင်းနည်းပညာနဲ့ပဲ ပြည်တွင်းမှာထုတ်လုပ်ဖို့ ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းလောက်ကတည်းက စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ **Ref: AR K.H**



INNOVATION

## စတားလင့်ကိုကျော်လွန်မယ့် တရုတ်ရဲ့အာကာသမှမြေပြင်သို့ 6G အမြန်နှုန်းဖြင့် အချက်အလက်ပေးပို့မှု




တရုတ်နိုင်ငံမှ Chang Guang ဂြိုဟ်တုနည်းပညာကုမ္ပဏီက အာကာသကနေ မြေပြင်ကို အချက်အလက်ပေးပို့မှုကဏ္ဍမှာ သမိုင်းမှတ်တိုင်အသစ်စိုက်ထူလိုက်နိုင်ပါပြီ။ ဒါ့အပြင် စတားလင့်ရဲ့စံချိန်ကိုလည်းကျော်လွန်သွားပါပြီ။

အကြောင်းရင်းကတော့ အာကာသမှ မြေပြင်သို့ လေဆာထုတ်လွှင့်မှုစနစ်သုံး အချက်အလက်ပေးပို့မှုအတွက်အမြန်နှုန်းက 6G အမြန်နှုန်းအထိရှိလို့ဖြစ်ပါတယ်။ လက်ရှိကမ္ဘာပေါ်မှာ ဆက်သွယ်ရေးနည်းပညာက အမြင့်ဆုံးအနေနဲ့ 5G ကိုသာသုံးနေကြတာပါ။

6G အမြန်နှုန်းဆိုတာက တစ်စက္ကန့်ကို အချက်အလက်ပေးပို့နိုင်မှုပမာဏ ၁၀၀ ဂစ်ဂါဘစ်အထိရှိပါတယ်။ ဒီလိုမျိုးအမြန်နှုန်းကိုရရှိတာဟာ သူတို့အနေနဲ့ ယခင်တင်ထားတဲ့စံချိန်ထက်ကို ၁၀ ဆပိုများနေတာကြောင့် စတားလင့်ရဲ့အမြန်နှုန်းကိုကျော်လွန်သွားတာပါ။ **Ref: IE K.H**

## ပြိုင်ဘက်များကိုစိန်ခေါ်မယ့် ဆမ်ဆောင်းရဲ့လူတုစက်ရုပ်



လူတုစက်ရုပ်နယ်ပယ်မှာ Tesla တို့၊ OpenAI တို့၊ BYD တို့က ဦးဆောင်နေပါတယ်။ သူတို့ရဲ့စက်ရုပ်တွေက စက်မှုကုန်ထုတ်လုပ်ငန်းမှာ လူသားတွေနေရာကို အစားထိုးနိုင်လောက်တဲ့အထိ အဆင့်မြင့်မားလှပါတယ်။

ဆမ်ဆောင်းကလည်း ပြိုင်ဘက်များကို စိန်ခေါ်ပြီး အဲဒီလိုစက်ရုပ်မျိုးကိုထုတ်လုပ်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုကိုပုံအောပြီး အသုံးပြုနေပါတယ်။ တောင်ကိုရီးယားရဲ့ ဦးဆောင် စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Rainbow Robotics မှာပါ။ အဲဒီကုမ္ပဏီမှာ ဆမ်ဆောင်းရဲ့ရှယ်ယာအများဆုံးဖြစ်စေတဲ့အထိကို ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်လာနေတာဖြစ်ပါတယ်။

ဆမ်ဆောင်းက သူတို့ရဲ့လူတုစက်ရုပ်ကိုဘယ်မှာမှမမြင်တွေ့ဖူးတဲ့ပုံစံမျိုး၊ စွမ်းဆောင်ရည်မျိုးနဲ့ထုတ်လုပ်လာနိုင်ဖို့ကို ဦးစားပေးပြီး စီမံကိန်းရေးဆွဲနေတာပါ။ အဲဒီစက်ရုပ်တွေက သမားရိုးကျလုပ်ရိုးလုပ်စဉ်တွေကနေ ကွဲထွက်လာစေမယ်လို့လည်းဆိုထားပါတယ်။ **Ref: IE K.H**

## ဆေးလိပ်ဖြတ်ဖို့ကိုကူညီပေးမယ့် စမတ်နာရီများ

ဘရစ္စတိုတက္ကသိုလ်မှ သုတေသနတစ်ခုမှာ စမတ်နာရီတွေက ဆေးလိပ်စွဲနေသူတွေကို ဆေးလိပ်ဖြတ်နိုင်စေဖို့ ကူညီပေးနိုင်မယ်လို့သုံးသပ်ထားပါတယ်။ အဓိကကတော့ စမတ်နာရီများအတွက် သီးသန့်ထုတ်ထားတဲ့ အပလီကေးရှင်းကို အသုံးပြုခြင်းအားဖြင့်ဖြစ်ပါတယ်။

အဲဒီအပလီကေးရှင်းက လက်ရဲ့လှုပ်ရှားမှုကိုလိုက်ပါအာရုံခံနိုင်တဲ့အပြင် မီးခိုးငွေ့ထွက်ရှိမှုကိုလည်း အာရုံခံကာ နာရီပတ်ထားသူအတွက် ကျန်းမာရေးအရ အကျိုးရှိစေမယ့် သတင်းစကားကို ပေးပို့ပေးတာဖြစ်ပါတယ်။ သူ့ရဲ့အဓိကလုပ်ဆောင်ချက်က ဆေးလိပ်သောက်သူကို ဒီနေ့ဆေးလိပ်ဘယ်လောက်သောက်ပြီးပြီဆိုတာသတိပေးခြင်းပါပဲ။ **Ref: IE K.H**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မရမ်းချောင် အမြဲတမ်း စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၂၈ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်၊ အိုးပေါက်ရွာအနီး၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ ၁၈၀)တန်၊ သစ်မာ(သုည ဒသမ ၀၅၀)တန်၊ အခြားသစ်(၂ ဒသမ ၅၁၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၀၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် မီးသွေး (၂ ဒသမ ၈၀၀)တန်၊ ကျွန်းသစ် (၂ ဒသမ ၇၈၀)တန်၊ အခြားသစ် (၁၀ ဒသမ ၂၄၃)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၃၅၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၂ ရက်တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး (၁၁ ဒသမ ၈၄၀)တန်၊ ကျွန်းသစ် (၅ ဒသမ ၈၉၆)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၁၂၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၈၉၇၁၃)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ (သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၁၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၂၀ | ၃၁၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၁၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၁၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၁၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၀၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပီအက်စ်ဂျီအသင်းက တိုက်စစ်ကစားသမားဆာလက်ချ်ကို မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်




**ပဲရစ် ဇန်နဝါရီ ၂**

ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေပြီး စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်ကစားသမားဆာလက်ချ်ကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၅၀၀၀၀၀ ဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးတိုက်စစ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အရေးပါသည့်ကစားသမားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နေသူဖြစ်သည်။

သို့သော် လက်ရှိလီဗာပူးအသင်းနှင့် ဆာလက်ချ်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင်ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာလျက်ရှိနေသည်။

လက်ရှိတွင် ဆာလက်ချ်သည် လီဗာပူးအသင်း၌ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၅၀၀၀၀ ရရှိနေသူဖြစ်ပြီး ၎င်းက သက်တမ်းတိုးစာချုပ်အတွက် လုပ်ခလစာတိုးမြှင့်ပြီး တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၄၀၀၀၀၀ အလိုရှိနေသည့်အတွက် လုပ်ခလစာ ညှိနှိုင်းမှုအဆင်မပြေဖြစ်နေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ယခုဘောလုံးရာသီအကုန်တွင် ဆာလက်ချ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၅၀၀၀၀၀ အထိပေးချေပြီး သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန်ကမ်းလှမ်းမှုပြုလုပ်ထားခြင်းဖြစ်သည်။

ဆာလက်ချ်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းများကလည်း မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းမှုများပြုလုပ်လာနိုင်သည့်အတွက် ပီအက်စ်ဂျီအသင်းက လက်ဦးမှုရယူနိုင်ရန်လက်ရှိအချိန်ကတည်းက ကမ်းလှမ်းထားခြင်းဖြစ်သည်။

ဆာလက်ချ်သည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၇ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၃ ကြိမ်ပြုလုပ်ထားကာ သွင်းဂိုးနှင့်ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံး၌ဦးဆောင်နေကြောင်း သိရသည်။

***Ref;Fotmob***

# ရီးယဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား အလာဘာ ဒဏ်ရာမှ သက်သာလာပြီးနောက် အသင်းနှင့်ပြန်လည်ပူးပေါင်း

**မက်ဒရစ် ဇန်နဝါရီ ၂**

ရီးယဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား အလာဘာသည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရာမှ ယခုအခါ သက်သာလာခဲ့သည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများစတင်ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် အလာဘာသည် ၂၀၂၁ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်နေရပြီး ၂၀၂၄ ခုနှစ် ဇွန်လက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် ကာလရှည်အနားယူခဲ့ရခြင်းဖြစ်သည်။

အလာဘာသည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့်အတွက် ယခုဘောလုံးရာသီတွင် တစ်ပွဲမှ ပါဝင်ကစားနိုင်ခြင်းမရှိသေးဘဲ ယခုအခါမှသာ အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ခဲ့ခြင်းဖြစ်သော်လည်း တခြား ခံစစ်ကစားသမားနှစ်ဦးဖြစ်သည့် ကာဗာဂျယ်နှင့် မီလီတာအိုတို့အနေဖြင့် အသင်းနှင့်မပူးပေါင်းနိုင်သေးကြောင်း သိရသည်။

***Ref;Marca***

# ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားအိုလ်မို ကစားသမားစာရင်းမှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်နေ

**ဘာစီလိုနာ ဇန်နဝါရီ ၂**

ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် အသင်းမှ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် အိုလ်မိုအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်နေသော်လည်း အသင်းနှင့် ဆက်လက်ပူးပေါင်းပြီး စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အိုလ်မိုကို ပြီးခဲ့သည့် ဘောလုံးရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ခေါ်ယူခဲ့သော်လည်း အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် အိုလ်မိုကို ကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန် ကြန့်ကြာနေသောကြောင့် ယခုဘောလုံးရာသီအစပိုင်းတွင် အိုလ်မိုအနေဖြင့် ကစားခွင့်မရှိခဲ့ဘဲ ပွဲစဉ်(၃)မှသာ စတင်ပါဝင်ကစားနိုင်ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးအကျပ်အတည်းများကြောင့် အိုလ်မိုကို လက်ကျန်ဒုတိယရာသီဝက်အတွက် အသင်းကစားသမားစာရင်းမှတ်ပုံတင်နိုင်ခြင်းမရှိသေးသည့်အတွက် အိုလ်မိုအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်နေပြီး ဘာစီလိုနာအသင်းက အိုလ်မိုအတွက် ဘာစီလိုနာစီးပွားရေးတရားရုံးနှင့် စပိန်လာလီဂါအဖွဲ့ချုပ်တို့တွင် အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံရသည့်အတွက် လက်ရှိတွင် အိုလ်မိုအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်နေခြင်းဖြစ်သည်။

အိုလ်မိုကို ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသော်လည်း ဘာစီလိုနာအသင်းက အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန် စီစဉ်နေပြီး လိုအပ်သည့်အသင်းဝင်ငွေရရှိပါက အိုလ်မိုကို ကစားသမားစာရင်း မှတ်ပုံတင်သွင်းနိုင်မည်ဖြစ်သည့်အတွက် အသင်းဝင်ငွေများရရှိရန် ဆောင်ရွက်နေကြောင်း သိရသည်။

***Ref;Fabrizio Romao***

# မန်ယူအသင်းက ကက်စ်မဲရိုးအတွက် သင့်တော်သည့်ကမ်းလှမ်းမှုရရှိပါက လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြုကြေညာ

**မန်ချက်စတာ ဇန်နဝါရီ ၂**

မန်ယူအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားကက်စ်မဲရိုးကို ခေါ်ယူရန် သင့်တော်သည့် ကမ်းလှမ်းမှုရရှိပါက လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ကွင်းလယ်ကစားသမား ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။


လက်ရှိကက်စ်မဲရိုးနှင့် မန်ယူအသင်းတို့စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအထိကျန်ရှိနေသေးသော်လည်း မန်ယူအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူအင်အားဖြည့်တင်းရန်အတွက် ကက်စ်မဲရိုးကို ပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းကို အပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး ကစားသမားသစ်များခေါ်ယူရန်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလနှင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတို့တွင် အသင်းမှကစားသမားအများစုကို ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။


***Ref;The Athletic***



စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်စက်သုံးဆီများ သိုလှောင်ထားရှိသည့် တည်နေရာပြမြေပုံ။



စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်စက်သုံးဆီများ သယ်ယူပို့ဆောင်မှု လမ်းကြောင်းတည်နေရာပြမြေပုံ။



● ကျောဖုံးမှအဆက်

ရှောင်ကွင်းလမ်းများအသုံးပြုကာ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများတွင် ဆီသိုလှောင်ထားရှိရာနေရာများပြုလုပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများသို့ပို့ဆောင်ကာ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏သတင်းပေးပို့မှုအရ သိရှိရသည်။

စက်သုံးဆီများအား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာ၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် ဆီသိုလှောင်ခြံများပြုလုပ်၍ သိုလှောင်ရောင်းဝယ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ၁၃၀၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ မန္တလေးမြို့နေပိုင်ရှင် ဦးသိန်းသန်းဝင်း(တိမ်းရှောင်) ပိုင်ဆိုင်သည့် သိန်းသန်းစက်သုံးဆီခြံ၊ ဆားတောင်မြို့နေ ဒေါ်ထက်ထက်မျိုးဆွေ၊ ၂၆ နှစ်၊ (ဘ) ဦးဇော်မျိုး ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြင်းမူမြို့နေ ဒေါ်ဇင်မာမြင့်၊ ၂၇ နှစ်၊ (ဘ) ဦးကျော်ဝင်း ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြစ်ငယ်မြို့နေ မျိုးမင်း(တိမ်းရှောင်)ပိုင်ဆိုင်သည့် စက်သုံးဆီခြံနှင့် Golden Star စားသောက်ဆိုင်အနီးတွင်ရပ်တန့်ထားသည့် တရားမဝင်စက်သုံးဆီရောင်းဝယ်သည့် ယာဉ်များ စသည့်နေရာ ၅ နေရာမှ**တရားခံ ၁၇ ဦးအား ၂၂ ဘီး ဆီသယ်ယာဉ် ၄ စီး၊ ဆီနောက်တွဲယာဉ် ၁ စီး၊ ၂၀ ဘီး ဆီသယ်ယာဉ် ၃ စီး၊ ၁၂ ဘီး ဆီသယ်ယာဉ် ၁ စီး၊ ၁၀ ဘီး ဆီသယ်ယာဉ် ၃ စီး၊ ၈ ဘီး ဆီသယ်ယာဉ် ၁ စီး၊ ၆ ဘီး ဆီသယ်ယာဉ် ၃ စီး၊ Light Truck ယာဉ် ၅ စီး၊ Toyota Van ၁ စီး၊ စုစုပေါင်းယာဉ် ၂၂ စီး၊ ပရီမီယမ်ဒီဇယ် ၃၀၀၈၃ ဂါလန်၊ စာမျက်နှာ ၂၈ သို့●**









စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ညောင်ပင်ဇင်ကျေးရွာရှိ တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိသည့်မှတ်တမ်းဓာတ်ပုံများ။

ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ။





● **စာမျက်နှာ ၂၇ မှအဆက်**

**အောက်တိန်း 92 ဓာတ်ဆီ ၃၀၄၆၂ ဂါလန်၊ စုစုပေါင်းစက်သုံးဆီမျိုးစုံ ၆၀၅၄၅ ဂါလန်နှင့် တရားမဝင်စက်သုံးဆီများ အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့်ငွေများ**နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ တရားမဝင်စက်သုံးဆီရောင်းချသူများသည် စက်သုံးဆီများအား မန္တလေးမြို့မှတစ်ဆင့် ဧရာဝတီတံတား(ရတနာပုံ)အား ဖြတ်သန်း၍ စစ်ကိုင်း- ရှိန်းမကား- ကမ်းဖြူ-သစ်စိမ့်ကြီးသို့ စစ်ကိုင်း-ရွှေဘိုအမှတ်(၃)ခရိုင်ချင်းဆက်လမ်းမကြီးအတိုင်း သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် KIA အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ဖားကန့်ဒေသရှိကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ တနိုင်းဒေသရှိ ရွှေနှင့်ပယင်းမော်လုပ်ငန်းများသို့လည်းကောင်း၊ PDF အကြမ်းဖက်အဖွဲ့များ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ကောလင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ တရားမဝင်ရွှေလုပ်ကွက်များ၊ TNLA/PDF အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များသို့လည်းကောင်း၊ မိုးကုတ်ဒေသရှိ တရားမဝင်ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များသို့ လည်းကောင်း အသီးသီး ပို့ဆောင်ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများမှလည်း စက်သုံးဆီဈေးနှုန်း ကြီးမြင့်မှုအပေါ်မူတည်၍ တရားဝင်ဖွင့်လှစ်ရောင်းချလျက်ရှိသောစက်သုံးဆီဆိုင်များမှတစ်ဆင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းမှုများပြုလုပ်ကာ အရေအတွက်များပြားလာပါက တရားမဝင်ဆီသိုလှောင်ခြံများသို့ သွားရောက်ရောင်းချမှုများ ပြုလုပ်ကြသည့်အတွက် တရားမဝင်စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်းများ ပေါ်ပေါက်နေပြီး တရားမဝင်ဈေးကွက်တစ်ခုသဖွယ်ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ဆီဈေးနှုန်းကြီးမြင့်မှုပေါ်မူတည်၍ အခြေခံစားသောက်ကုန်များ၏ဈေးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင်စက်သုံးဆီများသိုလှောင် **စာမျက်နှာ ၂၉ သို့**●


ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှုမှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

**ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့်တရားခံများမှတ်တမ်းဓာတ်ပုံ။**


၂၂ ဘီးယာဉ် ၄ စီးနှင့် နောက်တွဲယာဉ် ၁ စီး။


၂၀ ဘီးယာဉ် ၃ စီး။



၁၂ ဘီးယာဉ် ၁ စီး။


၁၀ ဘီးယာဉ် ၃ စီး။

**ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံများ။**


၈ ဘီးယာဉ် ၁ စီး။



၆ ဘီးယာဉ် ၃ စီး။


Light Truck ယာဉ် ၅ စီး။


Toyota Van ယာဉ် ၁ စီး။

# ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲ ၁၇၇၉၅ ဧက စိုက်ပျိုးပြီးစီးနေသဖြင့် ဒေသတွင်းစားသုံးမှုဖူလုံကာ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရေးကို အထောက်အကူပြုနိုင်

**ကန်ကြီးထောင့် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မတ်ပဲ ၁၇၇၉၅ ဧက စိုက်ပျိုးပြီးစီးနေသဖြင့် ဒေသတွင်းစားသုံးမှုဖူလုံကာ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရေးကို အထောက်အကူပြုနိုင်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောပြချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲလျာထားဧက ၂၁၆၄၆ ဧကကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မတ်ပဲ ၁၇၇၉၅ ဧကအထိ စိုက်ပျိုးပြီးဖြစ်ကာ စိုက်ပျိုးရန်ကျန်ရှိသည့်မတ်ပဲများကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

''ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပံ့ပိုးကူညီပေးထားပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မတ်ပဲ ၁၇၇၉၅ ဧကအထိ စိုက်ပျိုးပြီးစီးနေပါပြီ။ တခြားသီးနှံတွေလည်း စိုက်ပျိုးနေပါတယ်။ သီးနှံတွေ တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းတိုးလာစေဖို့ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ဒေါ်အေးအေးမူကပြောသည်။

ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲအပါအဝင် ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲစင်းငုံ၊ ပဲကြီး၊ ငရုတ် စသည့်သီးနှံများကိုလည်းစိုက်ပျိုးကြသည်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာသည့် ဆောင်းသီးနှံများ အရည်အသွေးကောင်းစေရန်၊ သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ပါက ဒေသတွင်းစားသုံးမှုဖူလုံကာ တောင်သူများသီးနှံဝင်ငွေတိုးပွားစေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့်တရားခံများမှတ်တမ်းဓာတ်ပုံ။



● စာမျက်နှာ ၂၈ မှအဆက်

ရောင်းချမှုပြုလုပ်ခဲ့သည့် **တရားခံ ၁၇ ဦးအား အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်**ဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် ယာဉ်များနှင့် စက်သုံးဆီများအား စိစစ်မှုများပြုလုပ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချမှုပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## ဖမ်းဆီးရမိတရားခံများ မှတ်တမ်းဓာတ်ပုံ



ဇင်မာမြင့်၊ ၂၇ နှစ်၊ (ဘ)ဦးကျော်ဝင်း



ထက်ထက်မျိုးဆွေ၊ ၂၆ နှစ်၊ (ဘ)ဦးဇော်မျိုး



သန့်ဇင်၊ ၄၄ နှစ်၊ (ဘ)ဦးမြင့်သန်း



အောင်ဝင်းသူ၊ ၂၇ နှစ်၊ (ဘ)ဦးသိန်းသန်းထွန်း



အောင်မင်းကျော်၊ ၃၉ နှစ်၊ (ဘ)ဦးကြီးတင့်



နေသူစိုး၊ ၂၃ နှစ်၊ (ဘ)ဦးစိုးဝင်း



ဖိုးဝ၊ ၄၇ နှစ်၊ (ဘ)ဦးမြင့်အောင်



အောင်ပြည့်စုံ၊ ၄၇ နှစ်၊ (ဘ)ဦးသိန်းဇံ



ရဲတင့်၊ ၃၉ နှစ်၊ (ဘ)ဦးထွန်းမြင့်

## ဖမ်းဆီးရမိတရားခံများ မှတ်တမ်းဓာတ်ပုံ



သန်းထွေးအောင်၊ ၄၀ နှစ်၊ (ဘ)ဦးကံတင်



မိုးမိုး၊ ၅၄ နှစ်၊ (ဘ)ဦးအောင်ကြည်



ထွန်းလင်းအောင်၊ ၃၁ နှစ်၊ (ဘ)ဦးစိုးဝင်း



ကျော်ဆန်း၊ ၃၉ နှစ်၊ (ဘ) ဦးသန်းရွှေ



နန်းထိုက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမြညို



နေလင်းဦး၊ ၂၉ နှစ်၊ (ဘ)ဦးညီအေး



စိုးထက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမောင်မြင့်



ထွန်းထွန်းနိုင်၊ ၃၂ နှစ်၊ (ဘ)ဦးသန်းကြိုင်

# လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တော်ဝင်နဂါးရောဂါရှာဖွေရေးစင်တာတို့ပူးပေါင်း၍ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများအား ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ပြုလုပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသမှု၊ ဓာတ်ခွဲစစ်ဆေးမှု၊ နှလုံးအတွက် ECG စစ်ဆေးခြင်းအပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မြို့နယ်လူမှုဖူလုံရေးဆေးခန်းနှစ်ခန်း၊ ဌာနကြီးဆေးခန်းလေးခန်း၊ စာချုပ်ဆေးခန်းလေးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှုဆောင်ရွက်သည့်စာချုပ်ဆေးခန်းသုံးခန်းတို့ဖြင့်ကျန်းမာရေးဝန်ဆောင်မှုများပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင်အလုပ်ဌာန ၂၃၉ ဌာနမှ အာမခံအလုပ်သမား ၁၈၆၃၁ ဦးတို့ကို ဇန်နဝါရီလ ၂ ရက်မှ ဖေဖော်ဝါရီလ ၂၇ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



နိုင်လင်း၊ မခင်နွယ်ဦးနှင့် ကျော်ဆွေဝင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

မြိတ်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဝင်းဝင်းနွယ်(ခ)မီးပုတ်အားစစ်ဆေးရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၉ နာရီခွဲတွင် ၎င်းနေထိုင်သည့် ကလွင်ကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် ပိုင်ထက်(ခ)ရွာသားမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် လွယ်စီတုံကျေးရွာရှိ ချစ်အေး(ခ) ထားဝယ် ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် နံနက် ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည်ဆုစန္ဒီဝင့်ထံမှစိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၁၁၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ မြင့်ဇော်မိုး(ခ) ဦးချို(ခ) ဘူးချို ၄ားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၀၅ ကီလိုကိုလည်းကောင်း၊ ဒီဇင်ဘာလ ၃၀ နံနက် ၁၁ နာရီတွင်ပူးပေါင်းအဖွဲ့သည်ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် နယ်မြေ(၁)ရှိ နိုင်လင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဆွေဝင်း၊ မခင်နွယ်ဦးတို့အားတွေ့ရှိပြီး နေအိမ်မှ ဘိန်းစိမ်း ၄၄ ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# ငါန်းဇွန်မြို့နှင့် နွားထိုးကြီးမြို့ရှိ ကျေးရွာအချို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၅ ဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၅ ဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်းတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများတရားမဝင်ဝင်ရောက်ခိုအောင်း နေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိအောင် ဒရုန်းများအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများနေထိုင်ရာ နယ်မြေများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရှိရာစက်ဆုပ်ဖွယ်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင်အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




# မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ တာဆန်းကျေးရွာအနီးတွင် မိုင်းပန်မြို့ဘက်မှ မိုင်းတုံမြို့ဘက်သို့ စိုင်းနွံဟန်(ခ)စိုင်းနွံလျှန် မောင်းနှင်ပြီး စိုင်းစံညွှန့်လိုက်ပါလာသည့် VIGO မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်၏ကြမ်းခင်းအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀ တုံး၊ အလေးချိန် ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်းတို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နမ့်စန်မြို့နယ်မှ မိုင်းတုံမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA
Coffee
Black Coffee
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Function Hall
Media Training
Theatre
Ball Room
Meeting Room
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking Services and i Banking Services
Foreign Banking Services
MPU
မှန်သည်
မြန်သည်
မြဝတီ
Phone: (01) 2301367, 2301368, 2301452, 2301378


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
AUNG THITSA OO INSURANCE
Hotline - 09-450450561, 09-450450562, 09-450450563

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့်တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄)အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# တရားမဝင်စက်သုံးဆီများသို့လှောင်ရောင်းဝယ်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌စက်သုံးဆီဖူလုံမှုရှိစေရေးအတွက်လည်း စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ MNDAA/TNLA/KIA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်လျက်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိအချို့ဒေသများသို့ ပြည်မအတွင်းမှစက်သုံးဆီများသယ်ဆောင်ရောင်းချနိုင်ခြင်းမပြုနိုင်စေရေးအတွက် ပိတ်ဆို့တားဆီးထားရှိသော်လည်း အချို့သော ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ အချို့နေရာဒေသများတွင် လုံခြုံရေးဆိုင်ရာကန့်သတ်ချက်ရှိမှုအပေါ် အခွင့်ကောင်းယူ၍ **စာမျက်နှာ ၂၇ ကော်လံ ၁ ●**



ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှုမှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### (၂-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံမတ်ပဲ ၁၇၇၉၅ ဧက စိုက်ပျိုးပြီးစီးနေသဖြင့် ဒေသတွင်းစားသုံးမှုဖူလုံကာ တောင်သူများသီးနှံဝင်ငွေတိုးပွားစေရေးကို အထောက်အကူပြုနိုင်**

စာ - ၂၉ သို့

**မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ**

စာ - ၃၀ သို့

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၁ ~ ၈၂၄၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..